# ရဲသျှမ်း

# ဖူးတံဝင့်လိုချီ

မဂ္ဂဇင်းဝတ္ထုတိုများ



# စီစဉ်သူ၏ အမှာစကား

ဆရာရဲသျှမ်းရဲ့ သန့်ရှင်းသော ရယ်သံများနှင့် အခြားဝတ္ထုတိုများ မိတ်ဆက်ပွဲတုန်းက ဆရာရဲသျှမ်းက ဝတ္ထုတိုတွေကို ကြိုက်တတ်တဲ့ ကျွန်တော့်ကို စကားလေးတစ်ခွန်း ပြောသွားခဲ့ပါတယ်။ သူ့ရဲ့ စာအုပ်လေးတစ်အုပ်ကို မိုက်မဲလှတဲ့ ထုတ်ဝေသူတစ်ယောက်က ထုတ်ပါလိမ့်ဦးမယ်တဲ့။ ဆရာရဲသျှမ်းပြောသလိုပဲ မိုက်မဲတဲ့ ထုတ်ဝေသူဆိုတာ ဟုတ်မှာပါ။ မဂ္ဂဇင်းပေါင်းစုံအောင် မဖတ်နိုင်သေးတဲ့ ကျွန်တော့်အနေနဲ့ ဖတ်ခွင့်ကြုံတဲ့အထဲက ကြိုက်တဲ့ဝတ္ထုတိုတိုင်းကို စုစည်းပြီး ထုတ်ဝေချင်နေတတ်တာကို သိလို့ပြောတာပါ။ ဈေးကွက်အရတော့ အထူးသဖြင့်ရသစာပေတွေရဲ့ ရောင်းအားက အရမ်းနှေးနေပါတယ်။ ဒါပေမဲ့ ရသအားလည်းကောင်း၊ စာရေးလည်းကောင်းတဲ့ ဆရာရဲသျှမ်းရဲ့ စာအုပ်ကိုတော့ ဖြစ်အောင် ထုတ်လိုက်ပါပြီ။ ဒီလို ထုတ်တာဖြစ်နိုင်တဲ့အတွက် ဆရာရဲသျှမ်းကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ဆရာရဲသျှမ်းရဲ့ ခင်မင်ရင်းနှီးခွင့်ရခဲ့တာ သိပ်မကြာလှသေးပေမဲ့ ဆရာ့ရဲ့ ဝတ္ထုတိုလေးတွေ ဖတ်ခဲ့ရတဲ့ နှစ်ကာလတွေတော့ ကြာခဲ့ပါပြီ။ ဝတ္ထုတိုရွှေခေတ်လို့ တင်စားခေါ်ခဲ့ကြတဲ့ ၁၉၈၀ ပြည့်နှစ်ကာလများ နောက်ပိုင်းမှာ လင်းလက်တောက်ပတဲ့ စာပေကြယ်ပွင့်များ အပြိုင်အရိုင်း ထွက်ပေါ်လာတဲ့ အထဲကမှ ဝတ္ထုတိုအရေးကောင်းလှတဲ့ စာရေးဆရာတွေထဲက တစ်ယောက်ပါပဲ။ ဆရာ့စာတွေကို ၁၉၈၅ ခုနှစ်ပတ်ဝန်းကျင်ခန့်ကနေစပြီး မဂ္ဂဇင်းပေါင်းစုံမှ ဖတ်မိခဲ့ရပါတယ်။ ဆရာ့ဝတ္ထုတိုလေးတွေက ကျင်လည်ရာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့ အခြေအနေကို ထင်ဟပ်ဖော်ပြနေပြီး စာဖတ်သူ ရင်ထဲကို တိုးဝင်သွားလေ့ရှိတာကို စာဖတ်သူများ ခံစားနားလည်ပြီး ဖြစ်မှာပါ။

ဒီခေတ်အခြေအနေအရ တကယ်စာဖတ်တဲ့ လူကြီးလူငယ် အတော်ရှားပါးနေပါပြီ။ ထုတ်ဝေသူတစ်ယောက် အနေနဲ့လည်း ဝတ္ထုတိုပေါင်းချုပ် စာအုပ်တွေထုတ်ရတာ အလွန်စွန့်စားရပါတယ်။ ဒါဖြင့်ရင်လည်း မထုတ်နဲ့ပေါ့လို့

ပြောစရာရှိပါတယ်။ ကျွန်တော့်ရဲ့ ဝါသနာအရ ဝတ္ထုတိုကောင်းလေးတွေ တွေ့ရင် စုစည်းသိမ်းဆည်းထားချင်တာရယ်၊ ကိုယ်ဖတ်ရသလို စာဖတ်သူများကို တစ်စုတစ်စည်းတည်း ဖတ်စေချင်တာရယ်၊ စာရေးဆရာရဲ့ စေတနာကို စာဖတ်သူတွေ သိစေ မြင်စေချင်တာတွေရယ်ကြောင့် ထုတ်ဖြစ်တာပါ။ စာတကယ်ကောင်းရင် ဖတ်တဲ့သူကလည်း ဝယ်ပြီး သိမ်းထားတတ်ကြပါတယ်။ ဒါပေမယ့် အုပ် ၁၀၀၀ရိုက်ရင် ၄-၅၀၀ကုန်အောင်တော့ စောင့်ရောင်းရတတ်ပါတယ်။ ဈေးကွက်ဂျာနယ် (12.12.2012) နေ့စွဲပါ အမှတ် (၇၄၈) မှာ ဆရာမြတ်ဆွေရေးတဲ့ “စာအုပ်စာပေ အရေး တွေးမိသမျှ” ဆိုတဲ့ ဆောင်းပါးလေးကို ဖတ်ကြည့်မိရင် မြန်မာစာပေလောကနဲ့ အခြေအနေကို သိမြင်ခွင့် ရကြမှာပါ။ ဆရာ့ဆောင်းပါးရဲ့ နောက်ဆုံးအပိုဒ်လေးမှာ ရေးထားသလို “စာအုပ်စာပေသည် လူ့မိတ်ဆွေတွေသာမက၊ လူ့ဘဝရဲ့ မီးရှူးတန်ဆောင်ဖြစ်သည်ကို လူတိုင်း နှလုံးသွင်းဖို့ လိုသည်ဟု ယုံကြည်မိပါကြောင်း” ဆိုတဲ့ စာသားလေးကို ကြိုက်တာနဲ့ ကူးယူဖော်ပြပေးလိုက်ပါတယ်။

အခု….. ဆရာရဲ့သျှမ်းရဲ့ “ဖူးတံဝင့်လို့ချီ မဂ္ဂဇင်းဝတ္ထုတိုများ” စာအုပ်လေးကို ဖတ်ကြည့်ရင်း စာနာစိတ်၊ ကိုယ်ချင်းစာစိတ်၊ မုဒိတာစိတ်လေးတွေ ဖြစ်ထွန်းလာမယ်ဆိုရင် ဝမ်းသာရမှာပါ။ ဘဝနဲ့ ဘဝပတ်ဝန်းကျင်က လူသားတွေရဲ့ ကျင်လည်လှုပ်ရှားနေကြတာတွေကို ခံစားကြည့်လိုက်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း အမှာစကားလေး အဆုံးသတ်လိုက်ပါတယ်။

မူလဖော်ပြခဲ့သော မဂ္ဂဇင်းများမှ အယ်ဒီတာများ၏ ဂုဏ်ကျေးဇူးကို အမှတ်တရ ဖော်ပြရင်းဖြင့် …

သိန်းလွင် (ကျောက်ပုထိုး)
၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်

# ပျော်ရွှင်နာကျင်စွာ

ကျွန်မတို့ကျောင်းထဲမှာ ယာဉ်ထိန်းရဲခေါ်ထားလောက်အောင်ကို ဆိုင်ကယ်တွေက ပြည့်နှက်လို့နေပါတယ်။ ကင်ဘို၊ ဟွန်ဒါ၊ လော့ဂျား၊ ဟင်န်ဆင်း၊ ဂျာလင်း.... စတဲ့ အစိမ်း၊ အပြာ၊ ပန်းဆီ၊ ခရမ်းရောင်စုံ ဆိုင်ကယ်လေးတွေပါပဲ။ စူပါကပ်၊ ဒရင်း၊ ဖင်ထောင် ဒီဇိုင်းလည်းစုံ၊ အရောင်လည်းစုံ။ ဒီအထဲမှာမှ ဆိတ်ငါးကောင် တရုတ်စက်ဘီးကလေးကို ချောက်ချောက်ချက်ချက်နင်းနေတဲ့ ကျွန်မက ထင်းထင်းကြီး ဖြစ်နေလို့လား မသိ။

ကျွန်မတို့ကျောင်းမှာ ဆိုင်ကယ်တွေများတာကလည်း မဆန်းပါ၊ ကျောင်းက မြို့အစွန်မှာ ဖြစ်ပြီး ကျောင်းရဲ့ နည်းပြဝန်ထမ်းတွေက မြို့ထဲက ရပ်ကွက်တွေမှာ အနေများနေကြတာမို့ အလှမ်းဝေးလွန်းလှပါတယ်။ ပြီးတော့ ကျွန်မတို့ကျောင်းတည်နေရာက ကုန်းမြင့်မြင့်ပေါ်မှာမို့ စက်ဘီးစီးတက်ဖို့ တော်ရုံအင်အား သက်လုံနဲ့မရပါ။ ကျောင်းက ဖယ်ရီစီစဉ်ထားပေးပေမယ့် ဖယ်ရီကားရပ်ပေးတဲ့ နေရာထိ လာစီးဖို့ ခက်ခဲတဲ့သူတွေအတွက် ဆိုင်ကယ်ကပဲ အဆင်ပြေမှာလေ။ ပြီးတော့ တရုတ်ဆိုင်ကယ်တွေ (၄-၅) သိန်းလောက်နဲ့ ဝယ်လို့ရတာ ကလည်း တစ်ကြောင်းဖြစ်ပါလိမ့်မယ်။

ကျွန်မတို့ကျောင်းက ကျွန်မရဲ့ ရွာကလေးနဲ့ (၂)မိုင်သာသာလောက်ပဲ ဝေးပါတယ်။ ဆောင်းတွင်းကာလတွေမှာ ပြဿနာမရှိပေမယ့် နွေကာလမှာတော့ ကျွန်မတို့ အညာနွေက ချစ်ချစ်တောက် စူးရဲ ပြင်းထန်လွန်းပါတယ်။ ဒီအခါမှာ ကျွန်မစက်ဘီးလေးက မရွေ့ချင်တော့။ ချွေးတွေရွှဲနစ်၊ ခြေထောက်တွေနဲ့ ရုန်းကန်အားက လေးလံ။ ကျောင်းဝန်းထဲလဲရောက်ရော ကျွန်မရဲ့ နွမ်းနယ်ဖျော့တော့တဲ့ မျက်နှာဆီက ချွေးတစိမ့်စိမ့် အန်ကျပြီး အိမ်ကလိမ်းတဲ့ သနပ်ခါးကလည်း ပျက်ပြယ်။ ညစ်ပေတူး ဆရာမလေးလို့ သင်တန်းသားတွေက ကွယ်ရာမှာ ခေါ်ဝေါ်ကြတဲ့ အထိပါပဲ။

သူငယ်ချင်းဒုနည်းပြတွေက မြို့ထဲဘက်မှာနေတာမို့လို့ ကျွန်မရွာကလေးနဲ့က အရှေ့နဲ့အနောက် တခြားစီဖြစ်ပြီး သူတို့ပို့ပေး၊ ကြိုပေးဖို့ကလည်း ဘယ်လိုမှ မဖြစ်နိုင်ပါ။ ဒီတော့ ဆိတ်ငါးကောင် တရုတ်စက်ဘီးကလေးက တရုတ်ဆိုင်ကယ်တွေကြားမှာ ကန့်လန့်ကန့်လန့် ဖြစ်နေဦးမှာပါပဲ။

ပြင်ဦးလွင်မှာ ကျောင်းတက်နေတဲ့ မောင်လေးနဲ့ စီးပွားရေးတက္ကသိုလ်တက်နေတဲ့ ကျွန်မညီမလေးတို့ရဲ့ ကျောင်းစရိတ်တွေကြားမှာ ကျွန်မအတွက် ဆိုင်ကယ်လေးတစ်စီးဝယ်နိုင်ဖို့ အလှမ်းဝေးလွန်းမက ဝေးလွန်းနေပါပြီ။ နွား နှစ်ကောင်လောက် ရောင်းလိုက်ရင်ဖြင့် ဝယ်လို့ရမှာဆိုပေမယ့် အဖေ့လက်ငုတ်လက်ရင်း ရိုက်ချိုးသလိုဖြစ်ပြီး တောင်သူအလုပ် ရပ်တန့်သွားရင် ဘာနဲ့ ရည်တည်ကြမလဲ။ ကျွန်မလခ ငါးသောင်းကျော်က ဘယ်အတိုင်းအတာထိ အိမ်ရဲ့ ခနအင်အားကို ထောက်ပံ့ပေးနိုင်မှာတဲ့လဲ။

အညာနွေရဲ့ ပြင်းထန်တဲ့ အပူအောက်မှာ ကျွန်မကတော့ စက်ဘီးလေးတစ်စီးနဲ့ တရွေ့ရွေ့ပါဘဲလေ။

***********

ကျွန်မတို့ကျောင်းက ကျောင်းပိတ်ရက်တွေမှာလည်း ဒုနည်းပြတွေအတွက် သင်တန်းတွေက အဆင်သင့်ကြိုနေတတ်ပါတယ်။ ကျောင်းအုပ်ကြီးရဲ့ စီစဉ်ပေးမှုကြောင့် နည်းပြအားလုံး အင်္ဂလိပ်စာ၊ ကွန်ပျူတာအော်တိုကဒ်၊ ပါဝါပွိုင့် သင်တန်းတွေတက်ရပါတယ်။ ကျောင်းသင်ခန်းစာတွေကို ကွန်ပျူတာရိုက်၊ မေးခွန်းတွေကို ပြန်ပြုစု၊ စာတမ်းရေးတွေလည်း လုပ်ရတာ မို့ အနားမရပါ၊ ပညာဖြန့်ဖြူးရေးကျောင်း ဖြစ်တဲ့အတွက် ဆရာ/ဆရာမများ "ပြည့်ဝ" နေဖို့ ကျောင်းအုပ်ကြီးရဲ့ ဆန္ဒပြင်းပြမှုက

လေးစားဖွယ် ဖြစ်ပါတယ်။

ရန်ကုန်က ဆရာကို ခေါ်ယူပြီး သင်ကြားပေးတဲ့ အော်တိုကဒ်သင်တန်းချိန်လေးကိုတော့ ကျွန်မစိတ်ဝင်စားလှပါတယ်။ မြို့ပြဘာသာရပ်နဲ့ စက်မှုသိပ္ပံကျောင်းပြီးထားတဲ့ ကျွန်မအတွက် ပိုပြီး နှစ်လိုဖွယ်ကောင်းတဲ့ပညာရပ် ဖြစ်ပါတယ်။ အနုပညာမြောက်တဲ့ ဘာသာရပ်လို့ ခံစားမိတဲ့အချိန်မှာ ကျွန်မလက်ချောင်းလေးများကလည်း ကီးဘုတ်ပေါ်မှာ ပျော့ပျောင်းသွက်လက်စွာ ပြေးလွှားနေပါတယ်။ စက်ဘီးနင်းလို့ ချွေးတွေနဲ့ နစ်နေတဲ့ ကျွန်မရဲ့ မောလျှမှုကို ကွန်ပျူတာခန်းရဲ့ အဲယားကွန်းက ဖြေဖျောက်ပေးတာ ကြောင့်လည်း အော်တိုကဒ်ကို ကျွန်မရဲ့ စိတ်ဝင်စားမှုဟာ ပိုပိုသာသာဖြစ်သွားတာလို့ ဆိုကောင်း ဆိုနိုင်ပါတယ်။

တိုက်တွေရဲ့ ကော်ရစ်ဒါဒီဇိုင်းတွေကို အကွေး၊ အဖြောင့် Tool တွေသုံးပြီး ပုံစံအမျိုးမျိုး ထုတ်နေတဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အခြေအနေလေးမှာပေါ့၊ သင်တန်းတာဝန်မှူးရောက်လာပြီး ကျွန်မနား တိုးတိုးကပ်ပြောလိုက်တဲ့ စကားကြောင့် ကျွန်မရဲ့ ကီးဘုတ်ပေါ်ပြေးလွှားနေတဲ့ လက်တွေ ရပ်တန့်ဆွံ့အသွားပါသည်။ နွေခေါင်ခေါင်မှာ မိုးကြိုးသွားထက်ထက်တစ်စင်း ကျွန်မနားစည်ကို ထိုးခွဲသွားလိုက်တာကြောင့်လည်း ဖြစ်ပါတယ်။

“မနွယ်နီအဖေ နဂါးရုံဘုရားဘေးမှာ ဆိုင်ကယ်အတိုက်ခံရလို့ ….. ခု ….. ဆေးရုံမှာ”

***********

အဖေက ရွာကနေ မြို့ထဲကို ယာခင်းအတွက် ပိုးသတ်ဆေးလာဝယ်တာမှာ နဂါးရုံဘုရားလမ်းဆုံမှာ ဆိုင်ကယ်နဲ့ တိုက်မိတာတဲ့…..။ ကျွန်မတို့မြို့မှာ အထက(၁)၊ ပညာရေးကောလိပ်၊ တက္ကသိုလ်၊

ဆေးရုံ၊ ဗဟိုပို့ဆက်ကျောင်း၊ စက်မှုလယ်ယာ သင်တန်းကျောင်းတွေက
တစ်ဆက်တည်းမှာ ဖြစ်ပြီး နဂါးရုံဘုရားနဲ့လည်း နီးပါတယ်။ လမ်းဆုံ၊ လမ်းခွလည်း
ဖြစ်တာမို့ အဲဒီ နေရာက ကား၊ ဆိုင်ကယ်၊ လမ်းသွားလမ်းလာ။
ကျောင်းသားကျောင်းသူ လွန်စွာမှ ရှုပ်ထွေးလှပါတယ်။ ကျောင်းဆင်းချိန်တွေမှာ
ယာဉ်ထိန်းရဲ (၃-၄) ယောက်လောက်နဲ့ ရှင်းယူတာတောင် အန္တရယ်ရှိတဲ့ နေရာပါ။

အဖေကလည်း ဒီလိုရှုပ်ထွေးချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်
ရောက်လာတာပါပဲ။ ကျူရှင်ကပြန်လာတဲ့ အင်္ဂလိပ်စာမေဂျာ ကျောင်းသူလေးရဲ့
ပေါ့ဆမှုကြောင့်လား၊ အဖေရဲ့ နမော်နမဲ့နိုင်မှုကြောင့်လား၊ မဆင်မခြင်မောင်းတဲ့
အခြားသော ကား၊ ဆိုင်ကယ်တွေရဲ့ ပယောဂကြောင့်လား ခုတော့
ကျွန်မရဲ့အဖေ....။

ဆေးရုံရဲ့ အရေးပေါ်ဌာနမှာ ကျွန်မရဲ့ သူငယ်ချင်းတွေ၊
ကျောင်းသူမလေးရဲ့ မိဘတွေ၊ သူငယ်ချင်းတွေ၊ ရဲတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

ဘုရားရေ..... ဒုရဲအုပ်တစ်ယောက်က ကျောင်းသူလေးကို
စစ်မေးလို့နေပါလား။ သူတို့ ကလေးမလေးကို ဖမ်းချုပ်တော့မှာလား။

တရှုပ်ရှုပ်ငိုကြွေးနေတဲ့ ကလေးမလေးရဲ့ သန့်စင်နုနယ်လှတဲ့
မျက်နှာလေးမှာ တုန်လှုပ်ကြောက်ရွံ့ သွေးဆုတ်နေတဲ့ ခံစားမှုတွေ ပြည့်သိပ်လို့
နေပါတယ်။ သတိလစ်နေတဲ့ အဖေ့ကိုတစ်လှည့်၊ ကောင်မလေးကို
တစ်လှည့်ကြည့်ရင်း ကျွန်မရဲ့ နှလုံးအိမ်ကလည်း ပြင်းထန်စွာ တုန်ခါနေပါတယ်။

ကလေးရေ.... ကြမ္မာဆိုးကြောင့် မင်းနဲ့အဖေ ဆုံစည်းသွားရတာ ပါ။
မင်းရဲ့ တောက်ပတဲ့ အနာဂတ်လေး မပျက်ပြယ်စေရဘူး။ မင်းစိတ်
တည်ငြိမ်စွာထားပါ။ မင်းနဲ့မင်းမိဘ မင်းသူငယ်ချင်းတွေ ပြုံးပျော်စေမယ့်
ဆုံးဖြတ်မှုမျိုး ပေးမှာပါ။

"ဥပဒေအကြောင်းအရာတော့ ကျွန်မနားမလည်ပါဘူးနော်။ ဒါပေမဲ့ ဒီက

ညီမလေး ဘာမှမဖြစ်စေချင်ပါဘူး။ ဒါကို ကျွန်မရင်ထဲက နှလုံးသားထဲက ပကတိဆန္ဒမှန်နဲ့ ပြောတာပါ”

ကျွန်မရဲ့ တည်ငြိမ်မှုကို ကျွန်မကိုယ်တိုင် အံ့သြသွားပါတယ်။ စကားလုံးတွေက အက်သွေ့ခြောက်ကပ်မှု မရှိဘဲ ချောချောမွေ့မွေ့ ထွက်အန်ကျလာတာပေမယ့် မျက်ရည်တွေ လိမ့်ဆင်းသွားတာကို ကျွန်မ သတိမထားလိုက်နိုင်တာကိုတော့ ဝန်ခံရမှာပါ။

***********

အားလုံးရဲ့ ညှိနှိုင်းဆွေးနွေးမှုကြောင့် ကျောင်းသူလေးရဲ့ မိဘများက ငွေ (၁၅)သိန်းပေးတော့ ကျွန်မ တုန်လှုပ်ခြောက်ခြားသွားခဲ့ပါတယ်။

ဒါအရောင်းအဝယ်လုပ်တာ မဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ ခြေတစ်ဖက်ကို၊ မိသားစုတစ်ခုလုံးရဲ့ စိတ်ဒဏ်ရာကို ငွေ (၁၅)သိန်းနဲ့ ရောင်းနေတာလား၊ ကျွန်မ လက်မခံနိုင်ပါ။ ကျွန်မပြင်းထန်စွာပဲ ခုခံငြင်းဆိုလိုပါတယ်။

ဆက်လက်ဆေးကုခံရဦးမယ့်အဖေ၊ ခြေတု(သို့မဟုတ်) ချိုင်းထောက်တစ်ဖက်နဲ့ တောင်သူလုပ်ငန်း ဆက်လက်လုပ်ကိုင်နိုင်တော့မယ် မထင်တဲ့အဖေ။ အဖေရယ်.... သမီးကို ငြင်းဆန်ခွင့်ပေးလိုက်ပါလားဟင်။

“ဒါဆို ညီမလေးကျောင်းထွက် လိုက်ရတော့မှာပေ့ါနော်”

“အမေတို့ သမီးအဖေကို ဆေးဆက်ကုပေးရဦးမှာလေ”

“သမီးမာန အဖေနားလည်ပါတယ်.... ဒါပေမယ့် သမီးရယ် ရွေးချယ်ခွင့်မှ မရှိတော့တာပဲ”

ကြေကွဲနွမ်းဖျော့ အခိုပ္ပါယ်မျိုးစုံ ဖွဲ့သီနေတဲ့ မျက်ဝန်းတွေရဲ့ အကြည့်.....။

ကျွန်မ ချုံးပွဲချ ငိုလိုက်မိပါတော့တယ်။

***********

အခုတော့ ကျွန်မတို့ကျောင်းထဲမှာ လော့ဂျားပန်းဆီရောင် ဒရင်းမ်ဆိုင်ကယ်တစ်စီး တိုးလို့နေပါပြီ။ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်သွားတဲ့အခါ သင်တန်းဆောင် တစ်ခုကနေ တစ်ခုကို ကူးတဲ့အခါ "လော့ဂျား" လေးကို ကျွန်မ ကျွမ်းကျင်ပိုင်နိုင်စွာ စီးလို့ပေါ့....။

အားလုံးရဲ့ အကြည့်စူးစူးတွေက ပဟေဠိအဖြေမှန် ရထားသူတွေရဲ့ မျက်နှာထားမျိုးတွေဆီကိုတော့ ကျွန်မ ပျော်ရွှင်နာကျင်စွာပဲ တည့်တည့်တိုးဝင်လိုက်ပါတော့တယ်။ သချ်ာတာတစ်ခုကတော့ စာသင်တဲ့အခါ ကျွန်မ ပါးပြင်ထက်က သနပ်ခါးလေး မပျက်မပြယ် ချွေးတွေနဲ့ နစ်မွန်းမနေတော့တာပါပဲ။

(ရတီမဂ္ဂဇင်း၊ ၂၀၁၀ စက်တင်ဘာ)

# အိမ်

(တစ်)

အဖေက လက်ရှိဝါးကပ်မိုး၊ ထရံကာ မြေစိုက်အိမ်လေးကို ဖျက်ပြီး အိမ်သစ်ဆောက်မယ်ဆိုတော့ ကျွန်တော်တို့ ညီအစ်ကိုတွေကလည်း နွေကျောင်းပိတ် အားနေသည်မို့ အိမ်ဆောက်တဲ့ နေရာမှာ ဦးစီးလုပ်ပါမည်။ “အဖေနားပါ” ဟု ဆိုသော်လည်း မရ။ အဖေက အသက်ကြီးပြီ၊ သစ်ဝယ်၊ သံဝယ်တာက အစ လက်သမားနဲ့ ဆက်ဆံတာအဆုံး အဖေ အဆင်မချောမှာကို စိုးရိမ်သည်။ ပိုက်ဆံကုန် အချိန်ကုန်ပြီး ခနော်ခနဲ့ ဖြစ်မှာကို ကျွန်တော်တို့ တွေးကြောက်နေသည်။

“အဖေရာ၊ ခိုင်ခံ့ပြီး ခေတ်မီရမယ်ဗျာ၊ ကုန်ကျစရိတ်လည်း နည်းစေရမယ်၊ ကျွန်တော်တို့ ညီအစ်ကိုတွေ ဝိုင်းလုပ်လိုက်မယ်လေ”

“မင်းတို့က ဘာတတ်လို့လဲ။ ဘယ်ကောင်က ရွှေပေါ်ထိုးတတ်လို့တုံး၊ ဆောက်၊ တူ၊ ရဲတင်း၊ လွှ၊ ရေချိန်၊ လွန် မင်းတို့မှာ ရှိလို့လား၊ ရှိရင်ကော သုံးတတ်လို့လား”

အဖေ့အပြောကြောင့် ကျွန်တော် နားဝေတိမ်တောင် ဖြစ်သွားသည်။

“ဘာဆိုင်လို့လဲ အဖေရာ၊ လက်သမားသုံးပစ္စည်းရှိမှ ကျွန်တော်တို့က အိမ်ဆောက်လို့ ရမှာလား၊ လက်သမားဆရာငှားပြီး ကြီးကြပ်ရင် မရဘူးလား”

“မရဘူး.... ငါကိုယ်တိုင် ကြီးကြပ်ပြီး ဆောက်မှာ၊ မင်းတို့အသာနေ။ ကိုယ့်ကျောင်းစာ ကိုယ်လုပ်”

အဖေ့ ယတိပြတ်စကားကြောင့် ကျွန်တော်တို့ ညီအစ်ကိုတွေ မပြောသာတော့။ အဖေတပည့်တွေက လယ်သမား၊ သူရင်းငှား၊ အိမ်ဆောက်တတ်လို့လား။ ကျွန်တော်ကတော့ အဖေ့အတွေးကို မရှင်း။

***********

အဖေက ဆောက်မည့်အိမ်ပုံစံကို မြေကြီးပေါ် တုတ်တစ်ချောင်းနှင့် ခြစ်၍ ဆွဲပြသည်ကို သူ့တပည့်နှစ်ယောက်က စိတ်ဝင်တစားကြည့်ရင်း အင်း....အဲ.... ဟုတ်ကဲ့ လိုက်နေသည်။ (၄) ပင် (၃) ခန်းအိမ်ကြီးတစ်လုံး ဆောက်မှာကို စနစ်တကျ အိမ်ပုံစံမဆွဲဘဲ မြေကြီးပေါ် ချပြတာကို ကျွန်တော်က ဘဝင်မကျ။ စက်မှုသိပ္ပံ၊ မြို့ပြကျောင်းသား ကျွန်တော်အဖို့ အူပွစရာ၊ အော်တိုကဒ်နဲ့ အိမ်ပုံစံဒီဇိုင်းဆွဲ၊ သုံးရမယ့် သစ်အရွယ်အစား အရေအတွက် ဖြစ်တည်မှုကို ပုံဖော်ကြည့်ချင်သည်။ အစ်ကိုကြီးကတော့ အဖေကို ပြောမရတော့မယ့်အဆုံး အဖေ့နားကနေ မသိမသာ ရှောင်လွှဲနေသည်။ ကျွန်တော်ကတော့ အစ်ကိုကြီးလို ဟိုဟိုသည်သည်လည်း မသွားတတ်။ စာအုပ်တစ်အုပ်နှင့် အဖော်ပြုနေရရင် ကျေနပ်တာမို့ အဖေရဲ့ အိမ်ဆောက်စီမံကိန်းကို မကြားချင်လည်း ကြားနေရ၊ မမြင်ချင်လည်း မြင်နေရ။ အဖေက သူတပည့်သူရင်းငှားတွေ ဖြစ်တဲ့ ကိုလှမောင်၊ ကိုကျားနဲ့ ကိုပြောင်ကြီးကို ချစ်လည်းချစ် အားလည်းကိုးသည်။ ကိုလှမောင်တို့ကလည်း အဖေမို့ မခိုင်းလိုက်နဲ့ "ပျာ" နေအောင် လုပ်ပေးရှာသည်။ ဒါပေမဲ့ သူတို့က သူရင်းငှား၊ လယ်သမားမို့ အဖေရဲ့အိမ်ကို ဆောက်မယ့် ဗိသုကာတွေ မဖြစ်နိုင်ဟု ကျွန်တော်က တထစ်ချ တွေးလို့နေပါသည်။

အိမ်ဆောက်ဖို့သစ်တွေ ထော်လာဂျီကြီးနဲ့ တိုက်ချလာပြီး အိမ်ဝိုင်းထဲပုံတော့ ကျွန်တော်သစ်ပုံနား မယောင်မလည် သွားကြည့်သည်။ သစ်တွေက အရောအထွေး၊ အရင်းအဖျားမညီ။ အရင်းအဖျားညီမှ သစ်ယောကျ်ား၊ အဖျားသွယ်သွယ်ဆို သစ်မိန်းမဟု ကျွန်တော်ကြားဖူးသည်။ အခုတော့ အဖေဝယ်လာတဲ့ သစ်တွေက သစ်ယောကျ်ား ပြောရမလား၊ သစ်မိန်းမပဲ ပြောရမလား မခွဲခြားတတ်တော့ သစ်မိန်းမလျာလို့တော့ ရှိဟန်မတူ။ အိမ်ဆောက်မည့် သစ်က မင်္ဂလာရှိရမည်ဆိုတာကတော့ အဖေလည်း သိပါလိမ့်မယ်။

"ဘာလဲ ဟေ့ကောင်၊ ငါဝယ်လာတဲ့ သစ်တွေကိုကြည့်ပြီး

ဘာဝေဖန်ဦးမလို့လဲ”

သစ်ပုံနား မယောင်မလည်ရပ်နေသည် ကျွန်တော့်ဆီကို လျှောက်လာရင်းကနေ အဖေက ကွမ်းတစ်ယာ ပါးစပ်ထဲထိုးထည့်ပြီး ဗလုံးဗထွေး ပြောတော့ ကျွန်တော့်မှာ ရယ်ချင်ပက်ကျိ ဖြစ်ချင်နေသည်။ အဖေက သူဝယ်လာတဲ့ သစ်တွေနဲ့ ပတ်သက်ပြီး စိတ်ထဲ ရောရောထွေးထွေး မလုံမလဲ ဖြစ်နေပုံရသည်။

“မပူနဲ့၊ ငါက ဆရာကျောက်ကိုမေးပြီး ဘုရင်ရက်၊ ရက်ရာဇာမှာ မြေသန့်တိုင်ထူလုပ်မှာ အရေးကြီးတယ် နဂါးဝမ်းဗိုက်ပေါ်ကျတဲ့နေ့ တိုင်ထူမှာကွ၊ ဒါတွေ မင်းတို့မသိပါဘူးကွာ”

ကျွန်တော်က အမှန်တကယ်လည်း မသိပါ။ အိမ်တစ်လုံး ဆောက်ဖို့မှာ ပြဿဒါး၊ ရက်ရာဇာ အရေးကြီးသလို အသုံးပြုမှန်တဲ့သစ် မှန်ဖို့၊ သံချက် မလျော့ဖို့၊ မြဲမြံဖို့၊ စရွေးကိုက်ဖို့ ပြီးတော့ အိမ်တစ်လုံးရဲ့ အင်္ဂါရပ်တွေ အစုံအစေ့ ပါဖို့လောက်သာ သိပါသည်။

“အဖေထုပ်ကို ဘာသစ်သုံးမှာတုံး၊ မြားတွေ ဒိုင်းတွေက သစ်မာမှ”

ကျွန်တော့်စကား မဆုံးခင်မှာပဲ အဖေက လက်ဝါးကာပြပြီး ကွမ်းတံတွေး တစ်ချက်ထွေးသည်။

“ဟေ့ကောင် တေဇာ၊ မင်းက ငါမွေးတဲ့ သားပါကွာ၊ မင်းမြားလောက် ဒိုင်းလောက်သာ သိတာပါ။ ခွေးကတက်၊ လှေကား၊ အုန်းလက်တိုင်၊ အခြင်၊ ရက်မ၊ ဝဲတိုင်၊ ပေါင်ကွပ်၊ ဝမ်းဘဲတောင်၊ လက်ရန်း၊ ဆင်ဝင်ဆင်ကပ် မင်းကြားဖူးလို့လား။ အဲဒါတွေအတွက်ပါ အားလုံးစီစဉ်ပြီးသား၊ အဲဒီ သစ်ပုံထဲက ဆွဲထုတ်ရုံပဲ ”

ကျွန်တော် အဖေ့သစ်ပုံကြီး တစ်ချက်စောင်းငဲ့ကြည့်ပြန်သည်။ ဘယ်သစ်ဆိုင်က ပေါပေါပဲပဲ ဆွဲလာမှန်းမသိ။ ကျွန်တော့်အမြင်မှာတော့ ဒုမပြည့် ဖြက်မပြည့်တွေရော၊ ပကာသားတွေရော၊ လွှကြောင်းစွေတွေရော၊ ထူတဲ့နေရာထူ၊ ပါးတဲ့နေရာပါး၊ သစ်မျိုးအစုံဟု ထင်သည်။

“အဖေ့သစ်တွေ ကလည်းဗျာ”

ဆိုပြီး ထပ်လည်း အထွန့်မတက်ရဲ။ “မင်းက ဘာသိလို့လဲ” နှင့်ပဲ ပိတ်ဆို့ပြောဦးမှာ သေချာလှသည်။

***********

“အစ်ကို့ အဖေ့သစ်ပုံကို ကြည့်ပြီးပြီလား”

ကျွန်တော့်အမေးကို အစ်ကိုက ခေါင်းတစ်ချက်ညိတ် အဖြေပေးသည်။

“တေဇာ....ညီလေး အိမ်ဆောက်တဲ့အခါ သစ်က မင်္ဂလာရှိရမယ် ကျိုးအာ၊ နတ်သက်၊ ပုခက်လွှဲ၊ တော်လည်း၊ သစ်ကြိုတ်၊ သစ်တွဲလဲ ရှောင်ရမယ်တဲ့။ သစ်ပွ၊ သစ်ညှံ့တွေဖြစ်တဲ့ မအူ၊ မိချောင်း၊ သခွပ်၊ ဆီး၊ သပြေ၊ ကလော၊ သစ်ဆိမ့်၊ လက်ပံတွေ မသုံးရဘူး။ တခြားနေရာမှာ သုံးရင်တော့ အဆင်ပြေချင် ပြေမှာပေါ့ကွာ....၊ အိမ်ဆောက်တဲ့ နေရာမှာတော့ လုံးဝ မသုံးကြဘူး။ ဒါကို အဖေမသိတာလား၊ သိရက်နဲ့ ဝယ်လာတာလား မသိပါဘူးကွာ”

အစ်ကို့ပုံစံက မချိတင်ကဲ ဖြစ်နေတဲ့ပုံ။

“သစ်ပုံထဲမှာ စောစောက အစ်ကိုပြောတဲ့ သစ်တွေပါလို့လား”

“လက်ပံသား ၃-၄ချောင်းလောက်တော့ တွေ့လိုက်မိတယ်ကွ၊ ထင်းဆိုက်၊ မီးသွေးဖုတ်လောက် အဆင့်ရှိတဲ့ သစ်အို၊ သစ်ဆွေး မပါရင် တော်သေးတယ်လို့ အောက်မေ့ရမှာပေ့ါ”

ကျွန်တော်က အစ်ကိုသစ်အကြောင်းတွေ သိနေတာကို အံ့ဩလို့နေသည်။ ကျောင်းဆရာက သစ်အကြောင်းလဲသိတာပဲလား။

“အစ်ကိုက သစ်အမျိုးအစားခွဲတတ်လို့လား ”

“နည်းနည်းပါးပါးပေ့ါကွာ၊ ငါတို့ကျောင်း ကျောင်းဆောင်သစ်

ဆောက်တုန်းက လက်သမားဆရာကြီးဆီ မေးမြန်းမှတ်သားထားတာပေါ့….။ ဒါနဲ့ နေပါဦး အဖေက ဘယ်နေ့တိုင်ထူမယ် ပြောတုံး”

ကျွန်တော်က ပြတင်းပေါက် ထရံမှာ ချိတ်ထားသည့် ပြက္ခဒိန်ကို လှမ်းကြည့်သည်။

“ဦးကျောက်နဲ့ တွက်ချက်ပြီးပြီလို့ ပြောတယ် အစ်ကို”

“အင်း ….. လုပ်တိုင်းပြည့်ဖူး၊ ဝက်ရူးနူနာ၊ ဆေးဆရာဟောင်း၊ မြေမကောင်းကို ရှောင်တဲ့။ အိမ်ဆောက်မယ့် မြေကတော့ ကောင်းပြီးသားပါကွာ။ ဦးကျောက်ကတော့ မင်းလည်း သိပါတယ် ဆေးဆရာလုပ်စားတာ အဆင်မပြေလို့ ဗေဒင်ဟောနေတာ၊ ဝက်ရူးပြန်နူနာ ရှိ၊ မရှိတော့ ငါလည်း မသိဘူး”

အစ်ကိုက ဦးကျောက်ဆိုတဲ့ လူကြီးကို မကြည်တာလည်း မပြောနဲ့၊ အဲဒီ လူကြီးကို အဖေက ဆရာချင်း မိုးမွှန်နေအောင်ခေါ်ရင်း ဘာလုပ်လုပ် အကြံဉာဏ်တောင်းချင်သည်။ မိုးလေမှန်လို့၊ ရာသီဥတုကြည်လင်လို့၊ ပိုးမွှားကင်းလွတ်လို့ အဖေ့လယ် အထွက်ကောင်းတာလည်း “ဆရာကျောက်” ကြောင့်ဟု အဖေက ထင်နေတတ်သည်။ အစ်ကိုကြီးက အဖေ့ကို -

“ကိုယ့်ကံ၊ ဝီရိယနဲ့ သီးနှံဖြစ်ထွန်းတာ ဦးကျောက်နဲ့ ဘာပတ်သတ်လို့တုံး အဖေရာ” လို့ ပြောခဲ့ဖူးတာ မှတ်မိနေသည်။ အဲ့သည်တုန်းက အဖေက ရှူးရှူးရှဲရှဲ။

“ဘုရင်ရက် ရက်ရာဇာ မင်းတို့သိလို့လား၊ နဂါးလှည့် အရေးကြီးပြီး အမြီးကလျှောက် ခေါင်းကဖောက်တာတွေကို နားလည်လို့လား၊ မင်းတို့ ခေတ်ပညာလောက်တော့ ဆရာကျောက်က ပျင်းတောင်ပျင်းသေးတယ်”

နောက်တော့ အစ်ကိုလည်းဦးကျောက်နဲ့ ပတ်သက်ပြီး အဖေ့ကို ဘာမှမပြောတော့၊ စောဒကလည်း မတတ်တော့။

အခုလည်းပဲ ဦးကျောက် အစီအမံနဲ့ အဖေက အိမ်တစ်လုံးဆောက်တော့မည်။ သားတွေကို အားမကိုး၊ တပည့်သူရင်းငှားတွေနဲ့ ဆောက်မည်။ ရက်လည်း ရွေးပြီးပြီ၊ မြေလည်း သန့်ပြီးပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် ခိုင်ခိုင်ခံ့ခံ့ ထည်ထည်ဝါဝါဖြင့် သားမြေးတစ်စု တပျော်တပါးနေနိုင်တဲ့ အိမ်ကြီးတစ်လုံး အကောင်အထည်ပေါ်လာတော့လည်း အဖေ့စေတနာကို မမေ့မလျော့ နှလုံးသားထက် ပန်ဆင်ရပါလိမ့်မည်။

***********

(နှစ်)

အိမ်ဆောက်တဲ့နေရာမှာ အဖေက "ငါ့သားတွေ အေးအေးဆေးဆေးနေပါ" ပြောထားပေမယ့် ကိုယ်နေရမှာဆိုတော့လည်း ဥပေက္ခာပြုမနေနိုင်ပါ။ အိမ်နဲ့ ပတ်သက်တဲ့ ဆောင်ရန်ရှောင်ရန် ကျမ်းအသွယ်သွယ်ကို ရှာဖတ်ပြီး သဘောကြံမ်း၊ ခါးပန်း၊ ရက်မ၊ ထုတ်၊ လျှောက်၊ ကြွက်လျှောက်၊ မြင်းမိုရ်ပိတ်၊ ခေါင်အုပ်၊ မျက်နှာကြပ်၊ ကျပ်ခိုးစင်၊ ပန်းဆွဲမြဲမှ မြဲပါ့မလား တွေးပြီး စိတ်တထင့်ထင့်နှင့် ဖြစ်နေမိသည်။

အဖေက ညွှန်ကြားတာကို ကိုလှမောင်တို့ သူရင်းငှားတဖြစ်လဲ လက်သမားဆရာ(၃)ယောက်က တစ်သဝေမတိမ်း လုပ်နေကြသည်။ နေပူပူ ချွေးသံတရွှဲရွှဲမှာ ခါးကြားကို ရဲတင်းလက်ကိုင်ထိုး၊ နားရွက်ခဲတံညှပ်နှင့် တကယ့်ကို လက်သမားအစစ်အတိုင်း လွှကြောင်းမဖြောင့်၊ ရွှေပေါ်မချော၊ စရွေးကိုက် မကိုက်ဝင်လည်း မပြောရဲ။

"သားတို့ရာ....။ မင်းတို့ အဖေကို ကူညီချင်တာ အဖေ ပင်ပန်းမှာစိုးတာ၊ စိုးရိမ်ပူပန်တာကို အဖေ ဝမ်းသာပါတယ်ကွာ"

ဆိုပြီး အဖေက စိတ်ကောင်းဝင်နေတဲ့အခါ ချိုချိုသာသာ ပြောတတ်သလို -

“အသာနေစမ်းကွာ၊ ငါ့အလုပ်ထဲ ဝင်မပါနဲ့ လှမောင်တို့၊ ငပြောင်တို့ ရှိတယ်၊ သူတို့က ငါအားကိုးရအောင်ကို လုပ်တတ်ကိုင်တတ်တယ်၊ မင်းတို့ ခေတ်စကားနဲ့ ပြောရင် နပ်တယ်ကွ၊ မင်းတို့လို ဝါးတားတား မဟုတ်ဘူး”

ဆိုပြီး ချိုးချိုးနှိမ်နှိမ် ပြောချင်လည်း ပြောတတ်ပြန်တယ်။

တိုင်ထူ၊ ထုပ်၊ ဒိုင်း၊ ရက်မ၊ မြားတန်းတွေ ဆင်ပြီးချိန်မှာတော့ အစ်ကိုက မနေနိုင်မထိုင်နိုင် အဖေ့ကို ပြောသည်။

“အဖေ.... စရွေးခံက ထုပ်ထက် ကြီးနေတယ်၊ ထုတ်စွန်းထက် စရွေးရှည်ရင် မကောင်းဘူးနော် အဖေ၊ အဲဒါ ကျွန်တော်တို့ ကျောင်းဆောင်သစ် ဆောက်တုန်းက လက်သမားဆရာကြီး ပြောဖူးတာ”

အစ်ကို့အပြောမှာ အဖေတစ်ချက်တွေသွားပြီး၊ ဝါးပက်လက်ကုလားထိုင်လေးမှာ အခန့်သားလှဲမှီရင်း ဆေးလိပ်တထောင်းထောင်း ထဖွာနေသော ဦးကျောက်ဘက် လှည့်ပြီး အဆုံးအဖြတ်ယူသည်။

“ကျောင်းဆရာပြောတာ ဟုတ်ကဲ့လား ဆရာကျောက်”

“မကြားဖူးပေါင်ဗျာ”

ကိစ္စပြတ်ပြီ၊ ဦးကျောက်က ဆေးလိပ်ဖွာမပျက်။ အစ်ကိုကတော့ စိတ်ပျက်လက်ပျက် ချာခနဲ လှည့်ထွက်သွားတော့သည်။

***********

“တေဇာ.... ငါကတော့ အဖေ့ကို မပြောချင်ဘူး၊ မင်းပဲ ကြည့်ပြောတော့ သားချီ၊ မင်းတုတ်၊ ကျီးရှင်၊ ကျီးအက်၊ ပြတင်း၊ ကဲလား မမှားစေရတဲ့၊ လေှကားဆန်က စုံ မထားရဘူး၊ မ ထားရတယ် လှေကားဘောင် ခါးပန်းမှာ သစ်မျက်မပါရဘူး။ အဲဒါ မင်း သေသေချာချာ သတိပေးလိုက်ဦး”

အစ်ကိုကသာ အဖေ့ကို ပြောခိုင်းပေမယ့် ကျွန်တော်ကတော့ ဝေဝါးဝါးပဲ လုပ်နေလိုက်သည်။ သွားပြောတာနဲ့ မင်းက ဘာသိလို့တုံး၊ ဆရာကျောက်ပြောတာက ဘယ်လိုကွဆိုပြီး နောက်ဆုံးတော့ ကျွန်တော်ကပဲ လက်လျှော့ရမှာ ဖြစ်သည်။

သည်လိုနဲ့ပဲ နေပူကျဲကျဲမှာ အဖေ အပင်ပန်းခံဆောက်လုပ်ခဲ့တဲ့ (၄) ပင် (၃)ခန်းအိမ်ကြီးက ပြီးလို့ သွားပါသည်။

ကြမ်းခင်းကျိုးတိုးကျဲတဲ စရွေးမကိုက်၊ တံခါးရွက်မညီ၊ ထုပ်တန်းယိုင်ရွဲ့၊ ရေချိန်စံလွဲတာတွေကို မပြောချင်တော့၊ အဖေစိတ်မကောင်းဖြစ်မည်။ ခုလည်း အိမ်တက် မလုပ်နိုင်သေး၊ ပန်းဖျား ဖျားလို့နေသည်။ စိတ်၏ ထက်သန်မှုကို အဖေ့ဇရာက လိုက်မမီတော့။

"မောတယ်ကွာ ရင်တုန်ပန်းတုန်နဲ့ အသက်ရှူ မဝချင်ဘူး၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လိုက်ချင်တယ်"

အဖေ တော်တော်ချောင်ကျ သွားပါသည်။

"နားပါ အဖေရယ်၊ အေးအေးဆေးဆေးနားပါ၊ အဖေ နေကောင်းတော့မှ အိမ်တက်လုပ်ကြတာပေါ့"

***********

(သုံး)

အဖေ့ကို ဆေးတိုက်ဖို့ အိမ်ပေါ်တက်တော့ ဘုရားစင်အောက် ကြမ်းခင်းရှိ သင်ဖြူးဖျာလေးပေါ်မှာ အဖေက ခွေခွေလေး။

စိတ်ထဲ ထင့်ခနဲ ဖြစ်ပြီး အဖေ့ဆီ သွက်သွက်လှမ်းလိုက်သည်။ ခြေသံကြားလို့ထင့် အဖေ အိပ်ပျော်ရာက နိုးသွားဟန်ဖြင့် ဦးခေါင်းလှည့်သည်။

“မင်းနှယ့်ကွာ မညင်သာလိုက်တာ အိမ်ကို ခါသွားတာပဲ။ လန့်တောင်နိုးတယ်”

ကျွန်တော် ဘာပြောရမှန်း မသိ ပါးစပ်အဟောင်းသား။

“အကောင်းဆုံးကတော့ အိမ်ပေါ်တက်ရင် ဖြည်းဖြည်းသက်သာ တက်ပါသားရယ်”

အဖေ့ကို ဆေးတိုက်ပြီးရင်တော့ ကိုယ်ဖော့သိုင်းအတတ်နဲ့ အိမ်ပေါ်ကနေ အိမ်အောက်ပြန်ဆင်းဖို့ ကြိုးစားရပါတော့မည်။

(ကလျာမဂ္ဂဇင်း၊ ၂၀၁၀ နိုဝင်ဘာ)

# မလွန်မြောက်သူများ

(၃နှစ်သား ဇေယျာသိမ်း)

"လေးလေး....လေးလေး....မိကျောင်းနဲ့ မီးချောင်းက မတူဘူးနော်"

(၃)နှစ်ပင် မပြည့်တတ်သေးသော တူကလေးရဲ့ စူးစမ်းလေ့လာမှုကို ကျွန်တော်က အံ့သြနေသည်။ ကလေးစိတ်ထဲမှာ မိကျောင်းနှင့် မီးချောင်းရောထွေးနေဟန်ရှိပြီး ခုမှ သဲသဲကွဲကွဲသိပုံရကာ မေးမြန်းတာ ဖြစ်နိုင်ပါသည်။

"ဘာလို့ မတူတာလဲ သားရဲ့"

"လေးလေးကလည်း မီးချောင်းက လင်းတာ၊ မိကျောင်းက ကိုက်တာ"

"သားက မိကျောင်းကို မြင်ဖူးလို့လား"

"မြင်ဖူးတယ်၊ မေမေ့စာအုပ်ထဲမှာ ကြောက်စရာကြီး"

တူကလေးရဲ့ အမေ ကျွန်တော့်အစ်မက မန္တလေး ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ရဲ့ သတ္တဗေဒ သရုပ်ပြဆရာမမို့ အစ်မရဲ့ စာအုပ်တွေထဲက တွားသွားသတ္တဝါများ စာအုပ်၏ ပုံတွေကို ကလေးက တွေ့သွားဟန်ရှိသည်။

အဖေ သစ်တောဌာန ဒုတိယညွှန်မှူး၊ အမေ တက္ကသိုလ် သရုပ်ပြဆရာမတို့ရဲ့ ရင်သွေးလေး၏ ဉာဏ်ရည်ဉာဏ်သွေးကတော့ မြင့်မြင့်ထက်ထက်ရှိပြီး စူးစမ်းလေ့လာလိုစိတ်ကလေးလည်း ပူးကပ်ခိုဝင်ထားတာမို့ ကလေးရဲ့ လားရာသည် ဖြောင့်တန်းတည့်မတ်သွားမည်ဟု ကျွန်တော်က သွေးသားရင်းချာ တစ်ယောက်ပီပီ အကောင်းလွန်ဘက်က တွေးတောနေမိသည်။

"သား....ဇေယျာသိမ်း အောင်မြင်မှုတွေ သိမ်းပိုက်မယ့် သားလေးကွ"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ပွေ့ချီနမ်းမွှေးတော့ ကလေးက

ကျွန်တော့်အပြုအမူကို နားလည်ယောင်ဆောင်ပြီး တခစ်ခစ် ရယ်မောနေခဲ့သည်။

စကားတတ်သော စကားကြွယ်သော ဉာဏ်ရည်ဉာဏ်သွေးကောင်းသော ချစ်စရာ ကလေးငယ်လေးတစ်ယောက်သည်….။

***********

(၄နှစ်သား ဇေယျာသိမ်း)

ကျွန်တော်တူလေး ဇေယျာသိမ်းကို ကျွန်တော်တို့ မိသားတစ်စုလုံးနှင့် အိမ်နီးချင်းများကပါ ချစ်စနိုးဖြင့် “ကိုဇေ” ဟု ခေါ်ကြသည်။ ကိုဇေလေးရဲ့ ဖခင် ကျွန်တော့်အစ်မ ခင်ပွန်းက သင်တန်းတစ်ခုကို မဖြစ်မနေလာတတ်ရင်း ညအိပ်ထွက်ခွင့်ရသည် သောကြာနေ့တစ်ညမှာ ရုတ်တရက် ဆုံးပါးသွားခဲ့သည်။ အဲသည့်ညက အရက်အတူတူသောက်ခဲ့သည့် ကျွန်တော့်ညီဝမ်းကွဲရဲ့ အိမ်မှာ အိပ်စက်ရင်း ဆုံးသွားခဲ့တာပဲ ဖြစ်သည်။ အမူးလွန်သူတစ်ယောက်ကို အခန်းတံခါးပိတ် အိပ်စက်စေခဲ့သော ကျွန်တော့်ညီ၏ ပေါ့လျော့မှုက မိုက်မဲလွန်းလှပါသည်။ အစ်မကတော့ မယုံကြည်နိုင်မှု၊ ကြေကွဲထိခိုက်မှုတွေနဲ့ အသက် (၃၀)ကျော်လေးမှာပဲ မုဆိုးမဘဝကို ဆောလျင်စွာ ရောက်ခဲ့ရရှာသည်။

ကိုဇေ (၄)နှစ်သားမှာ အဖမဲ့ခဲ့သူမို့ ဖတဆိုးလေးသားလေးအပေါ် ကျွန်တော်အဖေ၊ အမေ၊ အစ်ကို၊ အစ်မလတ်၊ ညီမလတ်၊ ညီမလေးတို့က ယုယထွေးပွေ့ အလိုလိုက်ခဲ့သည်ကြောင့် ဖခင်မဲ့သော်လည်း ဖခင်မေတ္တာ မငတ်နိုင်သူဟု ကျွန်တော်တို့ ယုံကြည်ခဲ့ပါသည်။ ကလေးမျက်နှာ မညိုးစေရ၊ လိုချင်တာမရ မရှိစေရ၊ အစစ ဝိုင်းဝန်းဖြည့်ဆည်း အလိုလိုက်ခဲ့သည်ကိုကပဲ ကလေးတစ်ယောက်ရဲ့ အတွေးမှာ “ငါလိုချင်တာ ရကိုရရမယ်” ဟု အတွေးအထင် စွဲလမ်းခဲ့ဟန် တူပါသည်။

တစ်ရက်မှာ အမေက …..

"သားရေ.... မင့်အစ်မ တရုတ်တန်းဈေးသွားတာ ကြာပြီ.....၊ မင့်တူလည်း ပါသွားတယ်....၊ ဈေးခိုးများ မိနေသလားပဲ....၊ သားလိုက်သွားဦး"

ဟုပြောတော့ မနက် ၁၀နာရီ ခွဲခန့်ပင် ရှိနေပါပြီ။ တရုတ်တန်းဈေးက မန္တလေးဘူတာကြီးရဲ့ အနောက်ဘက် ၇၉လမ်းမပေါ် နံနက်ပိုင်းဖွင့်သည့် ဈေးမို့ ၁၁နာရီခန့်တွင် အားလုံး ရှင်းပြီး ဈေးကွဲပြီး ဖြစ်ပါသည်။ ဈေးကွဲစပြုချိန်မှာပင် အစ်မတို့သားအမိ ပြန်မလာသေးတာမို့ အမေ စိတ်ပူမည်ဆိုလည်း ပူလောက်ပါသည်။

ကျွန်တော်တို့ မီးရထားလိုင်းခန်းနဲ့ တရုတ်ဈေးတန်းက သိပ်လည်း မဝေးတာကြောင့် စက်ဘီးပင်မစီးတော့လည်း ခြေကျင် လျှောက်သွားလိုက်သည်။ စက်ဘီးနဲ့ဆိုရင် ဘူတာကြီး ခုံးတံတားအောက်မှာ စက်ဘီးအပ်ရဦးမည်။ ဘီးအပ်တာနဲ့ ပြန်ထုတ်တာက ပိုလို့တောင် ကြာမှာမို့ ကျွန်တော်က ခြေလှမ်းတွေကိုပဲ အမြန်နှုန်းတင်လိုက်ပါသည်။

ငွေမင်ရောင်သုတ်ထားသော သံမဏိ ခုံးကျော်တံတားကြီးကို ဖြတ်ကျော်ပြီး အဆင်းလှေကားထစ်တွေ ဆုံးတော့ ၇၉လမ်းကို ရောက်တော့တာပဲ ဖြစ်ပါသည်။ ကျွန်တော်အောက်ဆုံးလှေကားထစ်ပေါ် ခြေအချမှာ လူအုပ်အုပ်တစ်စုကို မြင်လိုက်ရတော့ ခေါင်းနားပန်းကြီးပြီး တုန်လှုပ်ထိတ်လန့်သွားမိသည်။ တရုတ်တန်းဈေးက ဈေးကွဲသည့်အခါ ကားအသွားအလာများသည်မို့ ကားတိုက်မှု ဘာညာဖြစ်နေသလားဆိုပြီးစိုးထိတ်မိတာ ဖြစ်ပါသည်။ ကျွန်တော် လူအုပ်ထဲကို အတင်းတိုးဝှေ့ကြည့်လိုက်တော့ .....

လား....လား.... ကျွန်တော့်တူကလေး ကိုဇေ ကတ္တရာလမ်းပေါ် လူးလိမ့်ငိုနေပါသည်။ အစ်မက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ယောင်နနဖြင့် စိတ်ညစ်နေပုံရပါသည်။ ရှက်လည်း ရှက်နေမည် ထင်ပါသည်။

"ရိုက်....ရိုက်....ရိုက်ပစ်လိုက် ဒီလောက်ဆိုးတဲ့ကလေး...."

လူကြီးတစ်ယောက်က ထောပနာပြုသည်။

"အစ်မဘာဖြစ်တာလဲ"

ကျွန်တော့်အသံ ကြားလို့ထင့် ၊ အစ်မခမျာ အားတက်သွားဟန်တူပါသည်။

"မင့်တူလေ.... မီးပွင့်တဲ့သေနတ်အကြီးကြီး ဝယ်ခိုင်းတတ်ဟယ်....ရှစ်ရာတဲ့၊ ငါ့မှာလဲ အဲ့သလောက်မှ ပိုက်ဆံမပါတာ"

ရှစ်ရာ.... ကလေးကစားတဲ့သေနတ်က ဘယ်လောက်များကောင်းလို့ ရှစ်ရာတဲ့လဲ။ ကျွန်တော့်အစ်မ သရုပ်ပြဆရာမ လစာ ၃၂၀ ကျပ်မို့ မနိုင်ရင်ကန်ဖြစ်ပြီး ဒုက္ခရောက်နေတာပဲ ဖြစ်ပါလိမ့်မည်။

"သား....ထ....၊ လေးလေး ဝယ်ပေးမယ် ထ....ထ"

ကျွန်တော် ပွေ့ထူတော့ ယက်ကန်ယက်ကန် ပါလာသည်။

"ခု ဝယ်ပေး.... ခု သွားဝယ်ပေး"

ကျော့ကော့ လူးလွန့်ရုန်းကန်ရင်း ကျွန်တော့်မျက်နှာကိုလည်း ကုတ်ခြစ်ပါသည်။ ကျွန်တော့်တူလေးရဲ့ အတ္တကို ကျွန်တော် ချိုးနှိမ်ပစ်ဖို့ စိတ်မကူးရဲပါ။ ထပ်ပြီး ပွဲကြမ်းရင်တော့ ကျွန်တော်တို့မောင်နှမ ရှက်ပြီးရင်း ရှက်နေရပါဦးမည်။

အရုပ်ဆိုင်ရှေ့ရောက်တော့ ဆိုင်ရှင်ဦးလေးကြီးကို ကျွန်တော် မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ ဦးလေးကြီးကလည်း ရိပ်မိပုံရသည်။

"ဟော သားကြိုက်တဲ့သေနတ်၊ ဘဘ ပစ်ပြမယ်နော်"

သေနတ်က မီးမပွင့်တော့၊ ဓာတ်ခဲများ ထုတ်ထားလိုက်ဟန်တူပါသည်။

“ဟောဗျာ....သေနတ်က ပျက်သွားပြီ”

ကလေးက ဦးလေးကြီးထံမှ သေနတ်ကို ယူပြီး ခလုတ်ကို ဆွဲကြည့်သည်။ မရတော့ ကြမ်းပြင်ပေါ် ပစ်ချသည်။

တော်ပါသေးရဲ့၊ မကျိုးမပဲ့။ ကျွန်တော့်မှာ ရင်ဖိနေရသည်။

အဲ့သည်နေ့က ပစ်လိုက်ရင် နရံမှာကပ်သည့် လေစုပ်ခွက်ပါ မြားတံလေးတွေနဲ့ သေနတ်ကို ဇဝကျပ်နဲ့ ဝယ်ပေးလိုက်ရသည်။

မြားသေနတ်ကလေးက တစ်ရက်ပဲခံပါသည်။ နောက်တစ်နေ့မှာတော့ တစ်စစီ ဖြစ်သွားတော့သည်။

***********

(၁၅)နှစ်သား ဇေယျာသိမ်း)

ကိုဇေ ၁၀တန်းနှစ်မှာတော့ မန္တလေးမြို့ရဲ့ နာမည်အကြီးဆုံး ဘော်ဒါဆောင်မှာ သွားအပ်ခဲ့သည်။ ဘော်ဒါတည်ထောင်သူ ဆရာက အစ်မကို အားတုံ့အားနာစွာပဲ ငြင်းဆန်လိုက်ပါသည်။

လက်ဖျံနှစ်ဖက်မှာ ဆေးမင်ကြောင်ရုပ်တွေနဲ့ ဂျစ်တစ်တစ် အမူအရာတို့မျက်နှာမှာ ထင်ဟပ်နေသည်ကို သဘောမကျတာလား၊ ဘော်ဒါဆောင်ဝင်ခွင့် အရည်အချင်းရမှတ်တွေကို သဘောမကျတာလား၊ တစ်ခုခုသို့မဟုတ် နှစ်ခုလုံးဖြင့် ငြင်းပယ်လိုက်ဟန် တူပါသည်။

ဘော်ဒါဆောင်က လက်မခံတော့ အစ်မ လက်ထောက်ကထိက (အစ်မက လက်ထောက်ကထိက ဖြစ်နေပါပြီ) က သူတပည့် နည်းပြတွေ အိမ်ကို ခေါ်ယူပြီး မောင်းပါတော့သည်။

“အမေ့ကို သား အားနာလို့ စာမေးပွဲ အောင်အောင်တော့ ဖြေပေးပါ့မယ်၊

ဂုဏ်ထူးတွေ ဘာတွေတော့ ဆောရီးပဲ”

“မင်းကွာ ကိုယ့်အမေကို ဘယ်လို ပြောလိုက်တာလဲ”

ကျွန်တော့် မာန်မဲမှုကို မထီမဲ့မြင်....

“လေးလေး အသာနေစမ်းပါ။ စာမေးပွဲ အောင်စေချင်တာမဟုတ်လား....။ အောင်အောင်ဖြေပေးမယ်လေ...... ပြီးပြီပေါ့၊ ဘာတွေ ထပ်လိုချင်သေးတာလဲ”

လှိုက်ခနဲတက်လာသော ဒေါသကို ချိုးနှိမ်လိုက်ရတာ ကိုက ကျွန်တော့်မှာ ပင်ပန်းလွန်းလှပါသည်။ အောင်မြင်မှုတွေ သိမ်းပိုက်မယ့် ကလေးအဖြစ် “ဇေယျာသိမ်း” ဟု ပေးခဲ့သော နာမက ကျွန်တော့်တူလေးအတွက် စီးပိုးသွားခဲ့လေပြီလား။ (၁၅)နှစ်သား ငယ်သေးသည်မို့ မလိမ်မိုးမလိမ်မာ အပြောအနေ မဆင်ခြင်တာဘဲဟု ကျွန်တော့် ဖော့ဖော့တွေး ဖြေသိမ့်နေမိပါသည်။

***********

(၁၆နှစ်သား ဇေယျာသိမ်း)

၁၀တန်း စာမေးပွဲတွေ အောင်စာရင်းထွက်တော့ ကိုဇေအောင်ပါသည်။ သူ့စကားအတိုင်း ဂုဏ်ထူးတော့ မပါ။ စာမေးပွဲမကျတာကိုပဲ ကျွန်တော်တို့က ကျေးဇူးတင်နေရပါသည်။

“သား အောင်အောင် ဖြေပေးပြီးပြီ၊ တာဝန်ကျေပြီနော်၊ သားလိုချင်တဲ့ ဆိုင်ကယ်ဝယ်ပေး”

“တက္ကသိုလ်တက်တော့ ဝယ်ပေးမှာပေါ့....၊ အခု သားမှာမှ မလိုသေးတာ”

“ဟာဗျာ.... ခင်ဗျားတို့က လိုချင်တာပဲ သိတယ် ပြန်ပေးဖို့

စိတ်မကူးဘူး”

အို..... အမေမုဆိုးမ တစ်ယောက်ကို တုံ့ပြန်လိုက်တဲ့ သားတစ်ယောက်ရဲ့ ရင့်သီးမာထန်တဲ့ စကားသံကို ကျွန်တော်ကြားမိချိန်မှာ နှလုံးသွေးများ ဆူဝေပြီး ဒေါသအထွတ်အထိပ် ရောက်လုဖြစ်ခဲ့သည်။

“မင်းကွာ အမေ့ကို ရန်သူတစ်ယောက်လို ဆက်ဆံနေတာ မိုက်ရိုင်းလွန်းတယ်၊ ပညာတတ်မိဘ၊ ယဉ်ကျေးမှုရှိတဲ့ မိသားစုက ပေါက်ဖွားလာတာမှ ဟုတ်ရဲ့လား”

“သားတို့သားအမိ ပြောနေတာ လေးလေး ဝင်မပါနဲ့”

အစ်မရဲ့ တောင်းပန်တဲ့အကြည့်တွေပါတဲ့ မျက်လုံးကို မဖတ်ဖြစ်ခဲ့ဘူးဆိုရင်တော့ ကျွန်တော် လက်ပါလာတော့မှာ ဖြစ်သည်။

“ငါ့မောင်....သွား....သွား.... မင်းတူက သူလိုချင်တာမရရင် ဒီအတိုင်းပဲ”

“အစ်မရယ်”

ကျွန်တော့် ညည်းညူသံက ပျော့ပြီး တုန်ခါနေမှန်း ကျွန်တော်ရိပ်မိပါသည်။ ကျွန်တော့်တူလေး၏ စိတ်ဓာတ်၊ အတွေးအခေါ်အားလုံးကို ခဝါချ ပစ်နိုင်ဖို့ ကျွန်တော်တစ်ခုခု လုပ်ပေးမှ ဖြစ်ပါတော့မည်။

“တီတီ....တီတီ....တီတီ....”

“ဘရင်း....ဘရင်း....ဘရင်း....”

အဆက်မပြတ်ဆူညံသံကြောင့် ကျွန်တော် ခြံဝ ပြေးထွက်လိုက်သည်။ ဆိုင်ကယ်မီးရောင် ထိုးထားတာမို့ မျက်နှာကို လက်ဝါးနဲ့ကာရင်း ခြံတံခါးကို ဖွင့်သည်။

ကိုဇေကတော့ ဟွန်းမပြတ်တီး လီဗာတဖျင်းဖျင်းဆွဲရာက ခြံတံခါးအဖွင့်မှာ ဂီယာချိန်းပြီး အိမ်ထဲအထိ ဝုန်းခနဲ စီးဝင်၊

ဆိုင်ကယ်ဒေါက်ထောက်၊ လွှားခနဲဆင်းပြီးမှ ဆိုင်ကယ် စက်သတ်သည်။ ဂျင်းဘောင်းဘီကျပ်ကျပ်၊ တီရှပ်ပွပွနှင့် ကျွန်တော့်တူလေး၏ ပျို့မျစ်မှုက လန်းဆန်းနေရမှာ ဖြစ်ပေမယ့် အဆီပြန်မျက်နှာကို မီးရောင်အောက်မှာ စိတ်မချမ်းမြေ့စရာ မြင်နေရသည်။

“လေးလေးက မအိပ်သေးဘူးလား”

“မအိပ်သေးပါဘူးကွာ၊ သားမရောက်သေးတော့ ဘယ်လိုလုပ် အိပ်နိုင်မှာလဲ....။ ဘဘ၊ အမေကြီးနဲ့ မင့်အမေတို့တောင် စောစောကမှ အိပ်ရာဝင်သွားတာ....၊ မင်း မလာသေးလို့ စိတ်ပူနေကြတာလေ”

“အလကား စိတ်ပူနေကြတယ်....၊ သား.... ကလေးမဟုတ်ဘူး”

ပြောပြောဆိုဆိုဖြင့် ကျွန်တော် ရှေ့က ဖြတ်ထွက်ပြီး သူ့အခန်းရှိရာ အိမ်အပေါ်ထပ် တက်ချိန်မှာ ကျွန်တော့်ရင်တစ်ခုလုံး ဖြောင်းဆန်တုန်ခါသွားပါသည်။

“ကိုဇေ..... နေဦး ၊ မင်း.... အရက်သောက်လာတာလား”

“ဟင့်အင်း....၊ သား.... အရက်မသောက်....၊ ဘီယာသောက်လာတာ၊ ဘီယာကတော့ သားသူငယ်ချင်း ကောင်မလေးတွေတောင် သောက်ကြသေးတယ်”

ဘုရား....၊ ဘုရား၊ အသက် ၁၆နှစ်ရွယ် ကလေးငယ်လေးတစ်ယောက်ရဲ့ အတွေးတွေ အားလုံး ညစ်ထေးနွမ်းနယ်နေပါရော့လား။

“မင်းကွာ.... မင်းအဖေလည်း ဒီအရက်ကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားရတာ ၊ ဒီအရက်ကို မင်းစိတ်နာဖို့ ကောင်းတယ်”

“ဘာဆိုင်လို့လဲ တခြားစီ၊ တော်ပါတော့ဗျာ၊ သွားအိပ်တော့မယ်”

နတ်ဆိုးတို့ ပူးကပ်နေသော ကလေးတစ်ယောက်ရဲ့ အနာဂတ်ပုံရိပ်ကို ဖော်ကြည့်လိုက်ရမှာ ကျွန်တော့်မှာ တွေးကြောက်နေမိသည်။

အချိန်မနှောင်းသေးဟု ထင်ပါသည်။ သိမ်မွေ့သောအသိ၊ ဆင်ခြင်တုံတရား၊ မြင့်မြတ်သော အတွေးအခေါ်တို့အတွက် လမ်းပြကြယ်တစ်လုံး ကျွန်တော့်တူလေးရဲ့ နှလုံးသားထက်မှာ လင်းလက်သွားဖို့ပဲ လိုပါသည်။ စွမ်းဆောင်နိုင်လိမ့်မယ်ဟု ယုံကြည်စွာဖြင့် ကျွန်တော် ကြိုးစားကြည့်ခဲ့ပါသည်။

လူထုဦးလှ၏ "လူတစ်လုံး"၊ "အရက်သမား အမှားတစ်ထောင်"၊ ဆရာဇဝမိုးရဲ့ "နိုင်ငံတကာအမေ" စာအုပ်များကို ကျွန်တော့်တူကလေး ကိုဇေ၏ ခုတင်ဘေးစားပွဲလေးပေါ်မှာ တင်ထားပေးလိုက်ပါသည်။ အပျင်းပြေပဲဖြစ်ဖြစ်၊ စိတ်ဝင်စားလို့ပဲ ဖြစ်ဖြစ်၊ စာတစ်လုံး တစ်ပိုဒ် ခံစားစွဲမှတ်သွားလျှင်ဖြင့် ကျွန်တော့်ရည်ရွယ်ချက် အောင်မြင်လိမ့်မည်ဟု ထင်မှတ်ခဲ့ပါသည်။

"သား.... စာအုပ်လေးတွေ ဖတ်ကြည့်သေးလား....။ သိပ်ကောင်းတဲ့ စာအုပ်တွေ .... သားရဲ့"

"အင်း မဆိုးပါဘူး ဖတ်လို့ကောင်းတာပဲ"

ကိုဇေ၏ အသက်မပါသော တုံ့ပြန်မှုက ကျွန်တော့်မျှော်လင့်ချက်တွေကို ခြေမွလိုက်သလို ခံစားရပါသည်။ စာအုပ်ထဲက အကြောင်းအရာတွေကို မေးမြန်းစူးစမ်းစေချင်ခဲ့သော ကျွန်တော်၏ စိတ်အလျဉ်ရေစီးက ရပ်တန့်ငြိမ်သက်သွားတော့မည် ထင်သည်။

"ဖတ်လို့ကောင်းရုံတင် မဟုတ်ဘူးလေကွာ...၊ ယူတတ်ဖို့....၊ ဆင်ခြင်တတ်ဖို့လည်း လိုတယ်"

ကျွန်တော့်လေသံက နည်းနည်းတော့ မာဆတ်ဆတ်နိုင်ပါလိမ့်မည်။

"အဲ့ဒါပဲ လေးလေးနဲ့ မတည့်ချင်တာ၊ မတွေ့လိုက်နဲ့ အပြစ်ရှာပြောဖို့ စဉ်းစားနေတာပဲ"

"ဟာကွာ....."

ကျွန်တော့်အသံ တိမ်ဝင်သွားပါသည်။ ပြောရက်သော ကျွန်တော့်တူလေး ကိုဇေ၏ ပရမ်းပတာစကားတွေက နှလုံးသားကို ကြွက်စုတ်တစ်ကောင် ကိုက်ဖဲ့သွားသလို ခံစားမိသည်။ ကိုဇေလေး အဖေဆုံးတော့ အစ်မကို ကျွန်တော်နှစ်သိမ့်ခဲ့တာတွေကို ပြန်အမှတ်ရတော့ ကြေကွဲဝမ်းနည်းရိပ်က အုပ်ဆိုင်းဖွဲ့ဆင် ရောက်လာပါသည်။

"အစ်မ.... အားမငယ်ပါနဲ့၊ ကျွန်တော်တို့ မောင်နှမတွေ အစ်မကို အမေနဲ့ တစ်တန်းတည်းထား စောင့်ရှောက်မှာပါ။ ကျွန်တော်တို့ရဲ့တူလေး လူချွန်လူမွန်ဖြစ်လာဖို့ ကျွန်တော်တို့တာဝန်ပါ"

ကျွန်တော်တို့ အားပေးစကားတွေက အစ်မရဲ့သောကတွေကို တစ်စွန်းတစ်စ ချေဖျက်နိုင်ခဲ့ပါသည်။ စကားအရာတည်ဖို့လည်း မောင်နှမအားလုံး ကြိုးစားတည်ဆောက်ပါလျက် ကိုဇေလေးဆီကို အဘယ်သို့သော မကောင်းဆိုးရွားများ ပူးကပ်ရောက်လာပါသလဲ။ တက္ကသိုလ်ရောက်သွားရင်ဖြင့် အမြင်ကျယ်ပြီး လမ်းကြောင်းမှန်သို့ ရောက်နိုင်ကောင်းရဲ့ မယုံရဲ၊ ယုံရဲဖြင့် စိုးထိတ်စွာ စောင့်ကြည့်နေခဲ့ပါသည်။

***********

(၁၈ နှစ်သား ဇေယျာသိမ်း)

"ကျောင်းဆက်မတတ်တော့ဘူး....၊ သဘောလိုက်ဖို့လုပ်ပေး....၊ ကျောင်းပြီးဘွဲ့ရတော့ ဘာလုပ်ရမှာလဲ....၊ အလုပ်ရတော့ကော ဘယ်နှပြားရမှာမို့လဲ"

"ဟဲ့ .... နင့်အမေ ငါ ဆရာမ ဘွဲ့တွေ တသီကြီးရထားတာ၊ နင့်ဦးလေး၊ အဒေါ်တွေ ဘွဲ့တွေရ၊ အလုပ်ကိုယ်စီရပြီး ဒီလိုနေနိုင်တာပေါ့....၊ နင့်ကို ကျွေးထားနိုင်တာပေါ့ဟဲ့.....၊ နင် ငါတို့အားလုံးကိုတင်မကဘူး၊ တမလွန်က အဖေကိုတောင် စော်ကားလိုက်တာပဲ ..... အမိုက်ကောင်ရဲ့"

အစ်မတို့ သားအမိနှစ်ယောက်ရဲ့ တွေ့ဆုံမှုက ချောမွေ့ညက်ညောမှုမရှိ။

နောက်ဆုံးတော့လည်း အစ်မက သူ့သားကို အလျှော့ပေးလိုက်ရတာ ပဲ ဖြစ်သည်။ G.S.M လက်ကိုင်ဖုန်းတွေကို တက္ကသိုလ်ဆရာ၊ ဆရာမကြီးတွေအတွက် ဦးစားပေးချပေးတော့ အစ်မက ကထိကဖြစ်နေပြီမို့ တစ်လုံးရသည်။ အဲသည်တုန်းက G.S.M ဖုန်းတန်ဖိုးက စို့စို့ပို့ပို့ ကိုဇေ သင်္ဘောလိုက်ဖို့အတွက် ပုံအောလိုက်ရပါတော့သည်။ ကိုဇေ ရန်ကုန်ရှိ သင်တန်းတွေ တက်နေချိန်မှာ ကျွန်တော်က မိတ္ထီလာ ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်းကို ပြောင်းရွှေ့သွားခဲ့ပြီ ဖြစ်ပါသည်။

***********

(၂၁ နှစ်သား ဇေယျာသိမ်း)

တစ်ရက်မှာ အစ်မဆီက ဖုန်းဝင်လာပါသည်။

"နင့်တူတော့ သင်္ဘောတက်ဖို့ ထွက်သွားပြီ။ သူတို့သဘောက် မလေးမှာရောက်နေတယ်လို့ ပြောတယ်။ ဘာလိုင်းလဲတော့ ငါလည်း အတိအကျမသိဘူး။ ဟိုက အေးဂျင့်တွေ စီစဉ်ပေးမှာတဲ့"

အစ်မရဲ့ မရေရာမှုတွေကို ကျွန်တော် စိုးရိမ်လို့သွားပါသည်။ မလေးရှားက အေးဂျင့်ဆိုတာတွေက အမှန်အကန်မရှိ၊ ရိုက်စားတွေဟု ကျွန်တော်ကြားဖူးနေသဖြင့် စိုးရိမ်မှုပိုနေတာပဲ ဖြစ်ပါသည်။

ကျွန်တော်စိုးရိမ်သလိုပင်။ ကိုဇေမလေးရှားထွက်သွားပြီး တစ်လလောက်မှာ အစ်မဆီက ဖုန်းဝင်လာပြန်သည်။

"နင့်တူတော့ ပြဿနာတက်နေပြီ၊ ဟိုမှာ.... အဖမ်းခံထားရတယ်တဲ့။ သူတို့တစ်ဖွဲ့လုံး၊ ၄-၅ယောက်တော့ရှိမှာ။ Imigration Case လို့ပြောတယ်။ သူတို့သဘောက် ရန်ကုန်က အေးဂျင့်ပြောတဲ့အတိုင်း ပင်လယ်ကူး

သဘောကြီးမဟုတ်ဘဲ ကမ်းရိုးတန်းသဘောလေးတဲ့၊ ဒီတော့ နင့်တူက အေးဂျင့်ကို ပြဿနာရှာတော့ ဟိုက ရဲလက်တို့လိုက်တာ နေမှာပေါ့....။ သူတို့နဲ့ ရှိရမယ့် ticket တွေ အားလုံး အေးဂျင့်က သိမ်းထားတော့ Case တက်တော့တာပေါ့။ အဲဒါ သံရုံးက တစ်ဆင့် အကူအညီတောင်းပြီး ပြန်ပြေးလာတဲ့ကလေးက ပြောလို့သိရတာ ။ ဟိုမှာ ငါ့သားလေးတော့ ဒုက္ခပါပဲဟယ်.....၊ အချုပ်ထဲမှာ...."

အစ်မက ပြောရင်း ငိုပါတော့သည်။ ဖုန်းထဲမှာ ရှိုက်သံကြားရုံဖြင့် အစ်မ၏ ကြေကွဲဝမ်းနည်းပူပန်မှုကို မှန်းဆနိုင်ပါသည်။

"ကျွန်တော် ရုံပိုင်သင်တန်းသားတွေနဲ့ ၃-၄ရက်နေရင် မန္တလေးကို ရောက်ဖို့ရှိတယ်။ အဲဒီ ကျမှ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ တိုင်ပင်ကြတာပေါ့။ အစ်မ သိပ်စိတ်မပူပါနဲ့....၊ ဒီကောင် ယောကျ်ားပဲ၊ ရင်ဆိုင်နိုင်မှာပါ"

ကျွန်တော်အားပေးနှစ်သိမ့်စကားတွေက အစ်မရင်ထဲကို ထိုးဖောက်ဝင်ရောက်နိုင်ဖို့ အားပျော့နေမှန်း ကျွန်တော်သိပါသည်။ သည့်ထက်လည်းပို၍ ကျွန်တော်မှာ ပြောစရာစကားမရှိ။

"မတူးကတော့ သူ့မိတ်ဆွေဆီ အီးမေးလ် ပို့ထားတယ်။ သူတို့ ဗီယက်နမ်မှာ ဆီမင်နာတက်တုန်းက တွေ့ခဲ့တဲ့ မိတ်ဆွေလို့ ပြောတာပဲ"

"ဟိုက ဘာပြန်လာတာလဲ"

မျှော်လင့်ချက် အလင်းရောင်က ဖျတ်ခနဲ လင်းလက်သွားသည်ဟု ထင်သည်။

"စုံစမ်းပေးမယ်.....၊ တစ်ပတ်အတွင်း အကောင်းဆုံး နည်းလမ်းတစ်ခုခု ပေးနိုင်ပါမယ်တဲ့"

ကျွန်တော့်အစ်မလတ်က သစ်တောသုတေသန ပညာရှင်မို့ အာရှနိုင်ငံ

တော်တော်များများသို့ အလုပ်ရုံ ဆွေးနွေးပွဲ၊ စည်းဝေးပွဲတွေ အကြိမ်ကြိမ်တက်ရောက်ရလေ့ ရှိသည်။ မလေးရှားမှာ သူ့မိတ်ဆွေတွေ တစ်ယောက်မက ရှိနိုင်ပါသည်။

ထိုညက ကျွန်တော်အိပ်ရာမဝင်မီ ဘုရားကန်တော့တော့ ကိုဇေ ဖြစ်ကြုံနေရသော ဒုက္ခဆင်းရဲခြင်းအားလုံး လွတ်မြောက်ချမ်းသာရပါစေဟု ဆုတောင်းမှု တစ်ခု ဖြည့်စွက်ခဲ့သည်လေ။

မန္တလေးဘူတာကြီးမှာ ရုံပိုင်သင်တန်းသားများကို စီးပွားရေးဆိုင်ရာ ဘာသာရပ်တွေထဲက လက်မှတ်သိမ်း၊ လက်မှတ်စစ်၊ လက်မှတ်ရောင်း၊ ငွေစာရင်းပြုစုခြင်းတို့ကို လက်တွေ့သင်ကြားပေးပြီး ညနေပိုင်း အားလပ်သွားတော့ သင်တန်းသားများကို မန္တလေးတောင်သို့ လိုက်ပို့ခဲ့သည်။ ကျွန်တော်မှာ မိုးအနည်းငယ်မိထားပြီး ဖျားနေခဲ့ပေမယ့် ရသည့်အားလပ်ချိန်လေးမှာ ဒေသစုံက သင်တန်းလာတက်ရသည့် တပည့်လေးတွေ မရောက်ဖူးသေးသည့်နေရာကို ပို့ဖြစ်အောင် ကျွန်တော်ကြိုးစားခဲ့ပါသည်။

မန္တလေးတောင်ပေါ်ကို လှေကားထစ်တွေအတိုင်း တက်တော့ ကျွန်တော့်မှာ လှိုက်မောပြီး ဒူးတွေ တုန်နေခဲ့သည်။ အဖျားက တရိပ်ရိပ်တက်လာတာမို့ ခေါင်းတစစ်စစ် ကိုက်လာပြီး အသက်ရှူမဝချင်။ ကျွန်တော်အားတင်းပြီး တက်နိုင်ခဲ့သည်။ တောင်ပေါ်ရောက်တော့ ဘုရင်းရှင်တော်ရှေ့မှောက် ဖူးမြော်အပြီး ဆုတောင်းခဲ့တာ ကတော့

"တပည့်တော် မကျန်းမာလျက် ရှင်တော်မြတ်ဘုရားရှေ့မှောက် ဖူးမြော်နိုင်ခဲ့သော အကျိုးကျေးဇူးကြောင့် ပင်လယ်ရပ်ခြားတွင် ဒုက္ခဆင်းရဲခြင်းနှင့် တွေ့ကြုံနေရသော တပည့်တော်၏ တူလေးသည် ကောင်းမြတ်သောသတင်း အမြန်ဆုံးကြားရပါလို၏ ဘုရား"

ဟုပင် ဖြစ်သည်။

ကျွန်တော် လှိုက်လှိုက်လှဲလှဲ ဆုတောင်းပြီးအချိန်မှာ ရင်ထဲပေ့ါပါးပြီး အမေတို့ ပြေခဲ့ပါသည်။ ချွေးစို့ပြီး အဖျားလည်း ကျသွားသည်ဟု ထင်ရသည်။

တောင်ပေါ်မှ ပြန်လာပြီး သင်တန်းသားများ တည်းခိုရာ မြို့ဟောင်းဖားပေါင်းစက်ရုံဝင်းအတွင်း လိုက်ပို့ပြီး အမေတို့ဆီသွားတော့ မိုးချုပ်နေပေမယ့် တစ်အိမ်လုံး မအိပ်ကြသေး။

"ကိုဇေ သတင်းကြားပြီဟေ့.... မတူးမိတ်ဆွေဆီက အီးမေးလ်ဝင်တယ်။ ကူချင်းက ဂျာပါတန် Camp မှာတဲ့။ သံရုံး အကူအညီတောင်းတာ အားလုံးအဆင်ပြေတယ်။ မနက်ဖြန် သံရုံးက ခေါ်ထားလိမ့်မယ် ဒီကို ပြန်လာနိုင်ဖို့ လေယာဥ်ခ လွှဲပေးရမှာပေ့ါ"

"မင်းအစ်မကတော့ သူ့သားသတင်းကြားလို့ ပျော်နေလေရဲ့၊ ဖုန်းရောင်းလို့ ရတဲ့ ပိုက်ဆံကတော့ ပလုံပြီပေ့ါကွာ"

အဖေက သူ့မြေးအပေါ်ကို စိတ်ကုန်နေဟန်ရှိသည်။

"အဖေကလည်း .... ရန်ကုန်အေးဂျင့် ပြန်ချိန်ရမှာပေ့ါ....။ သဘောသားကိစ္စတွေ ရှင်းပေးတဲ့အဖွဲ့၊ ဘာတဲ့.... မိုဆာ ဆိုတာလည်း ရှိနေတာပဲ။ အလျော်မရလို့ ကတော့ တိုင်ပြီးသားပဲ"

ညီမ မဂျူးက တက်ကြွနေဆဲ ဖြစ်ပါသည်။

ကျွန်တော်ကတော့ မန္တလေးတောင်ပေါ်ဘုရားမှာ ဆုတောင်းခဲ့တာ ချက်ချင်းပြည့်လို့ သွားတာကိုပဲ အံ့သြကြည်နူးမဆုံးခဲ့။

ကိုဇေ ပြန်ရောက်တော့ အားလုံး ဝမ်းသာပျော်ရွှင်နေခဲ့သည်။ ကျွန်တော်တို့၏ ချစ်လှစွာသော တူကလေးက တစ်ဖက်နိုင်ငံမှာ ကြုံတွေ့ခဲ့ရတဲ့ အိပ်မက်ဆိုးတွေကို ယောင်လို့ပင်မဟ။ ဟိုက ထိန်းသိမ်းရေးစခန်းမှာ ၅၃ရက်တိုင်တိုင် နေခဲ့ရတာ ကို မေ့ပစ်ခဲ့ပြီး ဝါရင့်

သဘောသင်္ဘောကြီးတစ်ယောက်အလား အကြွားတွေသာ ပါလာခဲ့သည်တဲ့။ ညစဉ် သန်းခေါင်သန်းလွဲမှ ပြန်လာတတ်ပြီး အမြဲတန်း ရီဝေနေသည်တဲ့။ အရက်အပြင် အခြားမူးယစ်သော ဆေးဝါးများသုံးစွဲသည်ဟု ထင်ရသည်တဲ့.... စသည့်ဖြင့် သတင်းဆိုးတွေကို ကျွန်တော့်မှာ နားနဲ့မဆံ့ ကြားနေရတာ မို့ အိမ်ကဖုန်းလာမှာကိုပဲ အကြောက်ကြီး ကြောက်နေခဲ့ပါသည်။

***********

(၂၂ နှစ်သား ဇေယျာသိမ်း)

အစ်ကိုကြီးနဲ့ ညီမအငယ်ဆုံးတို့ကတော့ ကိုဇေကို ဘာမှလည်း မပြောတော့။ ဥပေက္ခာပြုထားနိုင်ပြီ။ သူတို့လည်း သူတို့မိသားစု၊ အိမ်ထောင်နဲ့မို့ အရင်းအဖျားခွဲလိုက်တာဟုတော့လည်း မပြောချင်။ သူတို့ဆုံးမစကားဆိုတဲ့အခါ မလိုက်နာဦးတော့ ငြိမ်နားထောင်ပေးရင်ကိုပဲ ဟုတ်လှသည်လေ။ ခုတော့ ပက်ခနဲ ပြန်တုံ့ပြန် ပြောဆိုရိုင်းပြတဲ့ အမူအရာပေါ် ဘယ်လိုမှ ခံစားလို့မရ။ တုတ်ပါ လက်ပါရအောင်ကလည်း ငယ်ရွယ်လွန်းတဲ့အရွယ် မဟုတ်။ ကိုယ့်အသိဆင်ခြင်မှုနဲ့ လမ်းမှန်ကမ်းမှန် ရှိသင့်ပါပြီ။

မိခင်အပေါ် သနားညှာတာခြင်း အလျှင်းမရှိ။ မိခင် နေထိုင်မကောင်း၍ လှည့်ကြည့်ဖော်မရ။ ခြေဆုပ်လက်နယ် ဝေးလွန်းလှသည်။ ဘယ်လိုမှ မျှော်လင့်မထားနိုင်သော၊ မတွေးမိသော အခြေအနေကို အစ်မက ရောက်ရပြီ။ သားဆိုးအမေ တပေပေဆိုတဲ့ စကားက အစ်မဆီကို တည့်တည့်ကြီး တိုးဝင်လာတော့သည်။

ကာရာအိုကေမှာ ရန်ဖြစ်လို့ ရဲစခန်းရောက်ပြန်ပြီ၊ အရက်ဆိုင်မှာ ရန်ဖြစ်လို့ ကွဲကြ၊ ပြဲကြပြန်ပြီ။ ကိုဇေရဲ့ ရှေ့သွားများက အတုတွေ ဖြစ်နေခဲ့ပြီ။ ရဲစခန်း၊ ဆေးရုံတို့က ပြန်လာပြီးတော့လည်း အမှတ်မရှိ။ နောင်တဆိုသည့် ဝေါဟာရက သူနှင့် လားလားမျှ မဆိုင်တော့သည်လား။

အဆိုးဆုံးကတော့ နမော်နမဲ့နိုင်လှသော ညီမလတ်မဂျူး၏ ပိုက်ဆံ မကြာခဏပျောက်တာပဲ ဖြစ်သည်။ အရက်အပြင် အခြား စွဲလမ်းစရာတွေ ရှိနေခဲ့ပြီ ထင်ပါသည်။ မဂျူးက သူ့ပိုက်ဆံကို အသေအချာ သိမ်းဆည်းသော့ခတ်တော့လည်း သော့တူနှင့် ရအောင်ဖွင့်သည်။ နောက်တော့ သော့ ၃၊ ၄ချောင်းခတ်ရသည့် သံသေတ္တာကြီးထဲ ထည့်သိမ်းတော့မှ အပျောက်အရှ သက်သာသွားသည်။

သည်အခါ အဖေ့ဘက် ခြေဦးလှည့်တော့သည်။ ဆွေမျိုးသားချင်းများက အဖေ့ကို ကန်တော့သော ငွေကြေးလေးများထဲမှ တစ်သောင်းပါလိုက်၊ ငါးထောင်ပါလိုက်ဆိုတော့ အဖေလည်း ပေါက်ကွဲတော့သည်။

“မိခင်သန်း....၊ နင့်သားလုပ်ပုံ မကောင်းတော့ဘူး။ ငါ အသက်ရှစ်ဆယ်ကျော် အိုကြီးအိုမဆီက ပိုက်ဆံတောင် ခိုးနေပြီ။ နင့်ဆုံးမမှု နည်းတာ၊ နင်က သူခိုးအမေပဲ”

အဖေက ဒေါသထွက်ပြီဆို အစ်မနာမည်ရှေ့ မိတက်ပြီး ခေါ်လေ့ရှိသည်။ အစ်မခမျာ အဖေ့မို့ ပြန်လည်း မပြောသာ။

နောက်တော့ ကျွန်တော်တို့မောင်နှမတွေ တိုင်ပင်ပြီး အစ်မလတ်မတူး စုဆောင်းထားသော နိုင်ငံခြားငွေလေးများ ထုထောင်းကာ ကိုဇေကို ရန်ကုန်လွှတ်လိုက်ပြန်သည်။ ကျွန်တော်အဒေါ်ရဲ့ မြင်သာတွင်ရှိသော အိမ်ကနေ သင်တန်းတွေ ထပ်တက်၊ အောင်လက်မှတ်တွေ ထပ်ယူ၊ တိကျသေချာခိုင်မာတဲ့ လိုင်းနဲ့ ချိတ်ဆက် စသည်ဖြင့် အောက်လက်မှတ်တွေ ထပ်ယူ၊ တိကျသေချာခိုင်မာတဲ့ လိုင်းနဲ့ချိတ်ဆက် စသည်ဖြင့် လုပ်သင့်လုပ်ထိုက်သော ကိစ္စအားလုံးအတွက် ငွေကြေးအလုံအလောက် ပေးလိုက်ကြပါသည်။

ကိုဇေ ရန်ကုန်ရောက်ပြီး တစ်လပင် မကြာလိုက်ပါ။ ကျွန်တော်လည်း ရန်ကုန်ကို လုပ်ငန်းတာဝန်ဖြင့် ပြောင်းရပြန်ပါသည်။ ကျွန်တော် ရန်ကုန်ရောက်ပြီး ၃-၄လ ကြာသော်လည်း ကိုဇေနဲ့ မတွေ့ရသေး။ သူကလည်း မလာ။

ကျွန်တော်ကလည်း မသွားတတ်မလာတတ်မို့ တူဝရီးနှစ်ယောက် နီးလျက်နှင့် ဝေးနေခဲ့ပါသည်။

မိုးကြီး သည်းထန်စွာရွာတဲ့ တစ်နေ့မှာတော့ ကျွန်တော့်တူလေးက ကျွန်တော့်ရဲ့ ဝန်ထမ်းလိုင်းခန်းအိမ်ကလေးသို့ ရောက်လာပါသည်။ အတော်ပင် ပိန်ချုံးနေပြီ၊ လေတိုးလျှင် လဲတော့မည့် ခန္ဓာကိုယ်လေးက ကြည့်ရက်စရာမရှိ။

ကျွန်တော် ချက်ချင်းပဲ မန္တလေးကိုဖုန်းဆက်သည်။ သည်အတိုင်း ဆက်ထားလျှင် သက်ဆိုးရှည်မှာ မဟုတ်တဲ့အကြောင်း ကျွန်တော် ပြောပြခဲ့ပါသည်။ စာတမ်းဖတ်ပွဲကိစ္စဖြင့် ရန်ကုန်ရောက်နေသော အစ်မလတ် မတူး ကျွန်တော့်ဆီရောက်လာပြီး သူ့တူမြင်တော့ ကျူကျူပါအောင် ငိုပါတော့သည်။ မန္တလေးကို ပြန်ဖို့ ရထားနှင့် သွားရမည့်အချိန်ကို ရှည်လျားသည် မှတ်ယူပြီး လေယာဉ်နှင့် ပို့ဖို့ စီစဉ်ခဲ့သည်။

"လေးလေး.... အန်တီငယ်၊ ထစမ်းပါဦး။ ဟားဟားဟား....၊ ဧယျာသိမ်း လာစမ်းလို့ ဘာရမလဲ။ ဓားပေးစမ်းပါ၊ လေးလေး.... ဒီကောင်တွေ အကုန်လုံး ပိုင်းပစ်မယ်"

အို.... ကျွန်တော့်တူလေးကတော့ အရက်ကြောင့် စိတ်ကစဉ့်ကလျားဖြစ်၊ အရူးတစ်ပိုင်း ဖြစ်နေပါပြီကော။ လက်ကျန်အရက် တစ်စိတ်ခန့် ထပ်မော့ပြီး ပြန်အိပ်သွားပေမယ့် ကျွန်တော်ကတော့ အိပ်မပျော်နိုင်တော့။ နှမြောတသ ယူကျုံးမရ ဖြစ်ခြင်းတို့ အိုင်ဖွဲ့လျက် တိတ်ဆိတ်စွာ ကြေကွဲနေမိပါသည်။

ကိုဇေ မန္တလေးပြန်သွားပြီး တစ်ပတ်လောက်မှာ မြင်သာအိမ်က အဒေါ်နှင့် တွေ့တော့ ကိုဇေနေခဲ့တဲ့ အခန်းကို ရှင်းရာမှာ ခုတင်အောက်နဲ့ မျက်နှာကြက်ကနေ အရက်ပုလင်းပြား ၄၀၀ကျော် တွေ့သည်တဲ့။ ၅လခန့် အတွင်းမှာ အရက်ပုလင်း ပြား ၄၀၀ ဆိုတော့ လူကြားလို့ပင် မကောင်းတော့။

***********

(၂၃ နှစ်သား ဇေယျာသိမ်း)

ညီမလတ် မဂျူးခေါ်သွားတဲ့ ဘုန်းကြီးထံမှာ ကိုဇေက ကတိတွေ အကြိမ်ကြိမ်ပေးပြီး အရက်လျှာလိုက်ပြီဆိုတော့ ကျွန်တော့်မှာ ဝမ်းသာလုံးဆို့ပျော်နေမိသည်။ ကျွန်တော့်ဇနီးကတော့ ရပ်ကွက်ထဲက ကြေးစည်ကြီး မြည်သံလို့ပဲနေမှာ ပါဟု နောက်သည်။ “မထင်” ဟု ဆိုလိုက်တာပါပဲ။

အနေအထိုင်ကျစ်လျစ်၊ အသောက်အစားမရှိတော့သည့်အခါ ငယ်ရွယ်ပျိုမျစ် သူအဖို့ ချက်ချင်းပြန်လည် ပြည့်ဖြိုးလာသည်။ ကျန်းမာရေးကောင်းပြီး စိတ်ချရသည့် အနေအထားရောက်တော့ သဘော်ပြန်တက်သွားပါသည်။ သည်တစ်ခါ အေးဂျင့်က လုပ်ငန်းမှတ်ပုံတင်ရှိသည့် အခိုင်အမာဟု ဆိုသည်။ ယီမင်နိုင်ငံ အခြေစိုက် Over Sea Shiping ပိုင် Sea Express အမည်ရ ရေနံတင်သဘောကြီးမှာ လုပ်ရမည်။ မြန်မာ (၃)ယောက် အတူလုပ်ရမည်ဆိုတော့ ကျွန်တော်တို့ရဲ့ စိုးရိမ်ပူပန်မှု ဒီဂရီက အနည်းငယ် ကျဆင်းသွားသည်။ ကိုဇေ သဘောရှိရာ ထိုင်းကို သွားတော့ ကျွန်တော်လေဆိပ်လိုက်ပို့ခဲ့သည်။ တက်ကြွလန်းဆန်းစွာဖြင့် အနာဂတ်သစ်အတွက် မျှော်လင့်ချက်များစွာ ရှိနေသော ကျွန်တော့်တူလေး၏ ပုံရိပ်က မျက်ဝန်းကင်မရာမှ တစ်ဆင့် နှလုံးသားမှာ ထင်ဟပ်….။ ကျွန်တော် ဝင့်ကြွားပြန်ပါသည်။

“ဇေယျာသိမ်း၊ အောင်မြင်မှုတွေ သိမ်းပိုက်မဲ့သားကွ” ဟု။

ကိုဇေက သဘောက် (၆)လလောက် နေပြီးတော့ ပြန်ရောက်လာသည်။ မန္တလေးမပြန်မီ ကျွန်တော့်ဆီ ဝင်လာတော့ အသားတွေ ညိုမည်းပြီး ဆံပင်က ရှည်လျားနေသည်။ လန်းဆန်းတက်ကြွမှုတွေကတော့ ကျန်ရှိနေဆဲ။ သူ့အတွေ့အကြုံတွေ ပြောပြသည့်အခါ လူကြီးတစ်ယောက်ကဲ့သို့ ရင့်ကျက်တည်ငြိမ်သည့် အတွေးအမြင် အသိလေးတွေကိုပါ ဖြည့်စွက်ပြောပြတာမို့ ကျွန်တော့်မှာ ကြည်နူးဝမ်းသာနေသည်။

ဆိုမာလီစားပြဲတွေ သူတို့သဘောကို ချဉ်းကပ်ဖို့ ကြိုးစားပုံ၊ သူတို့သဘော် ကံကောင်းထောက်မစွာ ပွတ်ကာသီကာ လွတ်မြောက်သွားပုံတို့ကို ပြောပြတော့ ရုပ်ရှင်ကြည့်နေရသလို စိတ်လှုပ်ရှားစရာ ကောင်းလှသည်။

"မထင်ဘူးကွာ၊ ငါ့သားလေး ဒီလောက် တည်ငြိမ်ရင့်ကျက်သွားမယ်ဆိုတာ....၊ ဒါနဲ့ မင်း ပိုက်ဆံ ဘယ်လောက်ပါလာတုံး"

ဆိုတော့ ပခုံးတွန့်လက်ခါပြသည်။

"သဘောက် ဘင်္ဂလားဒေ့ရှ်မှာ ဖျက်ရောင်းတော့မှာ၊ အင်ဂျင်ပိုင်း လုံးဝမကောင်းတော့ဘူး၊ ဘော့စ်က ဘဏ်ငွေစာရင်းခေါင်းစဉ် ပေးထား၊ ကျန်တဲ့လစာ ၄လစာ လွှဲပေးမယ်ဆိုလို့ သားသူငယ်ချင်းအဖေရဲ့ ကုမ္ပဏီဘဏ်ငွေခေါင်းစဉ် ပေးထားခဲ့တယ်"

ကျွန်တော်တို့ ယုံကြည်ခဲ့ပြန်ပါသည်။

***********

(၂၃ နှစ်သား ဇေယျာသိမ်း)

ကိုဇေပြောတာကတော့ သူတို့ မြန်မာသဘောသား ၃ယောက်စလုံးရဲ့ ၄လစာတစ်သောင်းခန့်က အမှန်တကယ် မရခဲ့တာပါဟု ဆိုသော်လည်း သေချာတိကျခိုင်မာသည်ဆိုသည့် အေးဂျင့်က ဝေလေလေ လုပ်နေခဲ့သည်။ ခံပြင်းမကျေနပ်သည့် အကြောင်းတရားများကို အစွဲပြုပြီး တုံ့ပြန်နိုင်ဖို့ မကြိုးစားတော့ဘဲ ကံကို ယိုးမယ်ဖွဲ့ လိုက်တော့ ကိုဇေက လမ်းကြောင်းမှန်ပေါ်က သွေဖည်သွားပြန်ပါတော့သည်။

ကျွန်တော်ကတော့ မန္တလေးက ဖုန်းလာမှာကိုပဲ အကြောက်ကြီး ကြောက်နေခဲ့သည်။ ကိုဇေနဲ့ ပတ်သက်ပြီး ချမ်းမြေ့စရာ သတင်းမကြားရ။ ထမင်းလုံးဝမစား၊ လဲအောင်သောက်ပြီး အမူးပြေတော့ ထပ်သောက်ပြန်သည်တဲ့။

အစ်မမချော သူ့သားကို ဆုံးမဖို့ အခွင့်မသာ၊ အချိန်တိုင်း မူးနေသူတစ်ယောက်ကို ကြေကွဲစွာ ငေးကြည့်မျက်ရည်ကျနေရုံမှ အပ ဘာမှ မတတ်နိုင်ခဲ့။

ညီမ မဂျူးက ကိုဇေမူးလဲ ဖရိုဖရဲဖြစ်နေပုံကို လက်ကိုင်ဖုန်းနဲ့ Movie ရိုက်ပြီး ကွန်ပျူတာမှာ ထိုးပြတော့ ဆက်တီပေါ် ပက်လက်လှန် လဲနေရာကနေ ခြေထောက်ဖြင့် ကွန်ပျူတာ ပါဝါကို လှမ်းပိတ်သည်ဟု အစ်မပြောပြတဲ့အခါ ကျွန်တော့်နှလုံးခုန်သံက အစ်မဖုန်းထဲက အသံကို စည်းချက်မမှန်တော့။

“ဒီလိုလုပ် အစ်မရယ်၊ ထုံးဖိုမှာ စိတ်ရောဂါကု ဆေးရုံ ရှိတယ်။ အဲဒီ ကို တင်လိုက်။ မတင်ခင် ဆေးရုံအုပ်ကြီးကို သွားတွေ့ပြီး အခြေအနေပြောပြ ဆွေးနွေးကြည့်ပါလား”

ကျွန်တော့်အကြံကို အစ်မလက်ခံခဲ့သည်။ ဆရာဝန်ကြီးနဲ့ သွားရောက်တွေ့ဆုံတော့ ဆေးရုံအမြန်တင်ဖို့ စီစဉ်ခိုင်းခဲ့သည်။

ဆေးရုံတင်သည့်နေက ကိုဇေက ခါးခါးသီးသီး ရုန်းကန်ငြင်းဆန်နေတာမို့ ရပ်ကွက်ထဲက လူငယ်တွေနဲ့ ဝိုင်းဝန်းချုပ်နှောင် ကြိုးတုပ်ပြီး ပို့လိုက်ရသည့်အကြောင်း ညီမ မဂျူးက ဖုန်းဆက်ပြောတော့ နင့်နေအောင် ခံစားရသည်။

“သူ့သားကို ကြိုးတုပ်တော့ အစ်မက ငိုတာပေ့ါဟာ။ အေးလေ သူကောင်းဖို့အတွက် ငါတို့လုပ်ပေးခဲ့တာကို သူပုံမှန်အသိဝင်လာတဲ့အခါ နားလည်သွားမှာပေ့ါ”

“ချစ်လို့ နှမြောလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ရေတိမ်မနစ်စေဖို့ သူ့ကိုဆေးရုံတင်ပေးလိုက်တာပဲလေ။ စိတ်မကောင်းမဖြစ်ဖို့ အစ်မကို ဖျောင်းဖျပေးပါဦး ညီမရယ်”

ပြောသာ ပြောနေရသည်။ ကျွန်တော့်တူကလေး စိတ်ရောဂါကုဆေးရုံမှာ အနေအစား ဆင်းရဲစွာဖြင့် ဖြတ်သန်းရမှာကို တွေးပြီး ရင်ထဲမှ မချိ။ အမြန်ဆုံး

ကျန်းမာပြီး စိတ်ကျေဝေဒနာ ပျောက်ကင်းဖို့ ဆုတောင်းမှုတစ်ခု ထပ်တိုးသွားရပြန်ပါသည်။

ဆေးရုံမှာ ၂ပတ်နေပြီးတော့ ကိုဇေ ဆင်းခွင့်ရသည်။ ဆေးရုံက ဆင်းလာပြီးတဲ့နောက် အရင်က ဘာမှမဖြစ်ခဲ့သည့်အလား အိမ်ထဲက အိမ်ပြင်မထွက်တော့၊ စာဖတ်၊ အခွေကြည့်၊ အချိန်မှန်စား၊ အချိန်မှန် ဆေးသောက်နှင့်မို့ စောစောပိုင်းက အခြေအနေနှင့် အခြားနားကြီး ခြားနားသွားတာကြောင့်မို့ ဆွေမျိုးတစ်စု ပျော်ခဲ့ကြပါသည်။

***********

(၂၄ နှစ်သား ဇေယျာသိမ်း)

စိတ်ရောဂါကု ဆရာဝန်ကြီးက လက်ရှိပတ်ဝန်းကျင်ကနေ ခွဲထုတ်ပြီး ကိုဇေ စိတ်ဝင်စားတဲ့ အလုပ်တစ်ခုခုကို အမြန်ဆုံးလုပ်နိုင်ဖို့ စီစဉ်ပေးလိုက်ပါဆိုတော့ မေးရပြန်ပါသည်။

“သား.... ဘာလုပ်ချင်သလဲ”

ကိုဇေ့အဖြေက

“သင်္ဘောပဲ ပြန်တက်ချင်တယ်” တဲ့....။

ကျွန်တော်တို့အားလုံး မျက်လုံးပြူးရပြန်ပါပြီ။

***********

အနှစ်နှစ်အလလ စုဆောင်းပြီး ဝယ်ယူထားခဲ့သော မြေကွက်လေးရဲ့ အနာဂတ် နှုန်းထားကိုမေ့ကာ စွန့်စားလိုက်ရသည့် ညီမ မဂျူးရဲ့ ဥပေက္ခာမပြုနိုင်သေးသော သံယောဇဉ် အထုံးအဖွဲ့ကို ကျွန်တော် နားလည်ပါသည်။

ကျွန်တော်တို့ရဲ့ တူလေး လူချွန်လူမွန်လေးဖြစ်ဖို့

ကျွန်တော်တို့တာဝန်ပါဟု အစ်မရဲ့ ခင်ပွန်းဆုံးစက နှစ်သိမ့်အားပေးခဲ့သော စကားကတိတွေသည် အခုတော့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေလေပြီလား….။

ကျွန်တော် အားမလျော့ချင်သေးပါ၊ သည်တစ်ခေါက် ကိုဇေ သဘောင်္ပြန်တက်တဲ့အခါ….

“သား ဇေယျာသိမ်း….၊ အောင်မြင်မှုတွေ သိမ်းပိုက်မယ့် သားလေးကွ”

ဟု မိုးထစ်ချုန်းမျှ ကျူးရင့်ဖို့ ကြိုးစားရပါဦးမည်လေ။

“ဖြစ်ချင်တာဖြစ်” လို့ ကျွန်တော်တို့စိတ်လျော့လိုက်လျှင်

“ဇေယျာသိမ်း (၂၄)နှစ် ”

ဆိုတဲ့ ယပ်တောင်တစ်ချောင်း ကျွန်တော်တို့ဆီမှာ အမှတ်တရ ရှိသွားနိုင်ပါသည်။

(wellness မဂ္ဂဇင်း၊ ၂၀၁၁ ဇန်နဝါရီ)